# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့ (14-8-2015) (၈၂၉၂)


## အေးစေ မြစေ မေတ္တာရေ

- ❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- ❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- ❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၃**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ စီးပွားရေးမူဝါဒများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အကုန်တွင် AEC စတင်သက်ဝင်တော့မည်ဖြစ်သဖြင့် SME လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အကျပ်အတည်းများအား ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်းများ ကြိုတင်ပြင်ဆင်ပြီး သက်ဆိုင်ရာပါဝင်သူ Stakeholder များ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# အင်းစိန် ရထားလမ်းခုံးကျော်တံတား စီမံကိန်း ရာနှုန်းပြည့်ပြီးစီး

စာမျက်နှာ - ၃



အင်းစိန် ရထားလမ်းခုံးကျော်တံတားအသစ်စီမံကိန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၃ ရက် ညနေပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ - စိုးဝင်း(MLA)




ကြေးမုံ စာတည်း ရှုထောင့် | ၁၄-၈-၂၀၁၅၊ သောကြာနေ့

# ကောင်းမွန်သည့် အနာဂတ်

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကို ပြန်ပြောင်းလေ့လာကြည့်လျှင် သိသာစွာပြောင်းလဲလာသည်ကို မြင်တွေ့ရသည်။ ပြည်သူများ မျှော်လင့်ချက်နှင့် အများဆန္ဒနှင့်ရွေးချယ်ဆုံးဖြတ်သည့် အလေ့အထကောင်းများက မြန်မာ့နိုင်ငံရေးလောကတွင် တစ်စတစ်စခိုင်မာအားကောင်းလာသည်။

တစ်ဦးတစ်ယောက်တည်း၏ ဆုံးဖြတ်သည့်အလေ့အထမှ အများဆန္ဒနှင့်အညီ သုံးသပ်ဆုံးဖြတ်တတ်သည့် အလေ့အကျင့်ကောင်းများသည် ဒီမိုကရေစီနှုန်းစံများ မြင့်မားတိုးတက်လာသည့်သဘောဖြစ်သည်။ မြန်မာ့နိုင်ငံရေးအလှည့်အပြောင်းကို ၂၀၁၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ သက်တမ်း ငါးနှစ်ပင် ကုန်ဆုံးတော့မည်။

ဖြတ်သန်းခဲ့ရသည့် ငါးနှစ်တာကာလအတွင်း ဒီမိုကရေစီအစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ တူညီသောသဘောဆန္ဒများနှင့်အညီ ပြီးပြည့်စုံခြင်းမဟုတ်သော်လည်း အကောင်းဆုံးအရွေ့တစ်ခုကို ဖြတ်သန်းနိုင်ခဲ့သည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီအလေ့အကျင့်နှင့် နှစ်ပေါင်း ၅၀ ကျော်ကင်းကွာခဲ့သည်။

ယခု ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်၍ စတင်လျှောက်လှမ်းခဲ့ရာ ယခု ငါးနှစ်တာသက်တမ်းအရမူ တိုတောင်းသည်ဟု ဆိုနိုင်ပါသည်။ တိုတောင်းပင် တိုတောင်းသော်ငြားလည်း ဒီမိုကရေစီစနစ်၏ သရုပ်သကန်များမှာ အခြားဒီမိုကရေစီနိုင်ငံများ၏ အပြောင်းအလဲနှင့်မတူ တစ်မူထူးကဲစွာ တိုးတက်ပြောင်းလဲခဲ့သည်ဟု ပြောရမည်ဖြစ်သည်။ အချို့ကိစ္စများတွင် အခြားနိုင်ငံများထက်ပင် သာလွန်ပါသည်။

အပြောင်းအလဲတစ်ခုကို အများအကြိုက်ဆောင်ရွက်ရာ၌ မည်မျှခက်ခဲမည်ကို မှန်းဆကြည့်နိုင်ပါသည်။ ရှုထောင့်တစ်ခုကို ဘက်လေးဘက်ရှုမြင်ရာတွင် လူလေးမျိုးနှင့် အမြင်လေးမြင် ထွက်မည်ဖြစ်သည်။ အမြင်မတူ ကွဲပြားမှုရှိမည်ဖြစ်သော်လည်း အနီးစပ်ဆုံးရှုထောင့်၊ အနီးစပ်ဆုံးအမြင်ဖြစ်အောင် စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည် ဒီမိုကရေစီသဘောတရားကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။

ဆောင်ရွက်ခဲ့ပြီးသော ဒီမိုကရေစီခရီးလမ်းသည် အစဦးဖြစ်၍ ပို၍ခက်ခဲကြမ်းတမ်းပေသည်။ စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုကို ပြောင်းလဲရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများရှိမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့ခရီးကို ပုံဖော်ပေးကြသည့် လမ်းခင်းကြသူများအဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်သည်။ ထိုခရီးလမ်းတွင် တိုးတက်ဖြစ်ထွန်းမှုများ၊ အားသာချက်များ ရှိမည်ဖြစ်သလို အားနည်းချက်များလည်း ရှိမည်ဖြစ်သည်။

ယင်းတို့ကို သင်ခန်းစာယူကာ အနာဂတ်နိုင်ငံတော်အတွက် ပိုမိုတိုးတက်ကောင်းမွန်ပါစေဟူသော မွန်မြတ်သည့်ရည်မှန်းချက်ထားကာ တူညီသောစိတ်ထားများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မကြာမီကာလတွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက်အရွေ့တစ်ခုကို ရောက်ရှိစေရန် အဆုံးအဖြတ်ပေးမည့် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများ၏ဆန္ဒဖြင့် မှန်မှန်ကန်ကန် ရွေးချယ်ပေးနိုင်ရန်မှာ ပြည်သူများ၏ တာဝန်ပင်ဖြစ်သည်။ တစ်နည်းဆိုလျှင် မှန်မှန်ကန်ကန်ရွေးချယ်တတ်ရန်မှာ ပြည်သူများဖြစ်သလို နိုင်ငံနှင့်ပြည်သူအကျိုးအမှန်တကယ်သယ်ပိုးရမည်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ကို ယခုအချိန်ကာလကတည်းက ကွဲကွဲပြားပြားသိရှိထားသင့်သည်ဟု အကြံပြုချင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်လာပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်မည့် ပြည်သူ့ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ အရည်အချင်းနှင့် အားသာချက်၊ အားနည်းချက်များကို လေ့လာ၍ စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည့်ပုဂ္ဂိုလ်များအား မှန်မှန်ကန်ကန် ရွေးချယ်တတ်စေရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။ ။

## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအနီး ကျေးရွာများရှိ လမ်းများအား အဆင့်မြှင့်တင်

**တောင်တွင်းကြီး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအနီးပတ်ဝန်းကျင် ကျေးရွာများရှိလမ်းများကို မြေသားလမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်းများစသည့် အဆင့်မြှင့်တင်မှုများကိုဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၀၄၈ ဒသမ ၂၈ သန်းဖြင့် ကျေးလက်လမ်း ၁၆ လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ လမ်းများအဆင့်မြှင့်တင်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ AE ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ လမ်းအရည်အသွေးကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

## အသိပေးနှိုးဆော်ချက်

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားနေသော ဒေသများသို့ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းနေသည့် စေတနာရှင်ပြည်သူများအနေဖြင့် မော်တော်ယာဉ်နှင့် စက်လှေတိမ်းမှောက်မှုဖြစ်စဉ်များဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိမှုများရှိနေကြောင်း စိတ်မကောင်းဖွယ်ရာကြားသိနေရပါသည်။

သို့ပါ၍ စေတနာရှင်ပြည်သူများအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် မိမိတို့သွားရောက်လှူဒါန်းမည့်ဒေသရှိ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများထံမှ လမ်းခရီးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စုံစမ်းရယူ၍ လိုအပ်သည့်အကူအညီများ တောင်းခံဆောင်ရွက်သွားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၃**

| | |
|---|---|
| **ရန်ကုန် ရွှေဈေး** | ၇၄၆၀၀၀ - ၇၄၈၀၀၀ |
| **မန္တလေး ရွှေဈေး** | ၇၄၆၀၀၀ - ၇၄၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |


**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၄၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၉၀. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၅. ၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၃၇၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၉၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၀၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၀၂. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆. ၁၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၅. ၆၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၁. ၀၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ



☆ အသေးစားမှ

မိမိတို့ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် နိုင်ငံတကာအဆင့်နှင့် ညီညွတ်သော မူဝါဒများ၊ ဥပဒေ၊ ဆက်စပ်ဥပဒေများအား ပြုစုရေးဆွဲရေး၊ မိမိတို့စီးပွားရေးဝန်းကျင်အတွင်း လွယ်လွယ်ကူကူ လုပ်ငန်းစတင်ထူထောင်နိုင်ရေး၊ ငွေကြေးအရင်းအနှီးရရှိမှု ကျယ်ပြန့်လာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းတူအစုအဖွဲ့များ ပေါ်ထွန်းလျက် စုပေါင်းလေ့ကျင့်ဆောင်ရွက်လာရေး၊ စံချိန်စံညွှန်းများ သတ်မှတ်ရေး၊ အချိန်နှင့်အညီ သတင်းအချက်အလက်ရရှိရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးခြင်းဖြင့် တီထွင်ဖန်တီးမှုရှိသည့် လုပ်ငန်းများပေါ်ပေါက်လာရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပြီး ဈေးကွက်ထိုးဖောက်ရေး၊ စောင့်ကြည့်အကဲဖြတ်ရေး အစရှိသည့်လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် အစုအဖွဲ့ (၉)ခု ဖွဲ့စည်း လုပ်ဆောင်လျက်ရှိကြပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီများအား ဥပဒေအရ ဖွဲ့စည်းလျက် SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို ရရှိအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ SME များဖွံ့ဖြိုးမှုအား မူဝါဒဆိုင်ရာတိုင်းတာမှု (၈)ခု ဖြစ်သည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ၊ အထောက်အပံ့ပေးသည့် ဝန်ဆောင်မှုများအား ရရှိနိုင်မှု၊ လုပ်ငန်းစတင်တည်ထောင်ရာ၌ လျင်မြန်ပြီး သက်သာသည့် ကုန်ကျစရိတ်ဖြင့် မှတ်ပုံတင်ခြင်း ဆောင်ရွက်ရန်အတွက် ပိုမိုကောင်းမွန်သည့် ဥပဒေနှင့် ပြဋ္ဌာန်းချက်များဖြစ်စေမှု၊ ဘဏ္ဍာငွေကြေး လွယ်ကူစွာရရှိနိုင်မှုနှင့် ဘဏ်စနစ်၊ လုပ်ထုံးလုပ်နည်းများ တိုးတက်မှု၊ ခေတ်မီနည်းပညာနှင့် နည်းပညာလွှဲပြောင်းနိုင်မှု၊ နိုင်ငံတကာဈေးကွက် ချဲ့ထွင်နိုင်မှု၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ပညာရေးမြှင့်တင်မှု ထိရောက်စွာ ကိုယ်စားပြုနိုင်မှုတို့ဖြင့် တိုင်းတာကြပါကြောင်း၊ အဆိုပါ အချက်များကို အဓိကထားပြီး ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် SME များ ဖွံ့ဖြိုးမှုအား မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါကြောင်း။

ငွေကြေးကဏ္ဍအနေဖြင့် SME များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ Public Fund များ၊ ပုဂ္ဂလိကဘဏ်ကြီးများ၏ ပါဝင်မှုဖြင့် SME Development Fund များ ထူထောင်ရန် လိုအပ်သည့်အတွက် ယင်းစနစ်များဖြစ်လာစေရန် မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပုံဖော်ရမည်ဖြစ်ပါကြောင်း။ Innovative SME များ ထိရောက်စွာ ပံ့ပိုးပေးနိုင်ပါက ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်တက်လာပြီး နိုင်ငံ၏ စီးပွားရေးအား အထောက်အကူပြုနိုင်ပါကြောင်း။

နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ Two Step Loan စနစ်ဖြင့် ချေးငွေရရှိစေရန် နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်နေသကဲ့သို့ မြန်မာ့ဈေးကွက်အတွင်း Stock Market Share များ ပေါ်ထွန်းလာရေးနှင့် လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီကြီးများ ပါဝင်လာအောင် အသိပေးခြင်း ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မြန်မာ SME များ အာဆီယံဈေးကွက်နှင့် ထုတ်လုပ်မှုကွန်ရက်တွင် ဝေစုများ ပိုမိုတိုးတက်လာရန်အတွက် ဆန်းသစ်တီထွင်ရန်၊ နည်းပညာမြင့်မားရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းရည်အားမြှင့်တင်သည့် Direct Support to SME Competency Upgrading Program များ ပံ့ပိုးရန်လိုအပ်ပါကြောင်း၊ ပြောင်းလဲနေသည့် ဈေးကွက်အတွင်း စားသုံးသူများ၏ လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်သော အတွေးအမြင်သစ်များ ပေါ်ထွက်ရေး၊ မိမိကိုယ်တိုင်ရပ်တည်နိုင်သည့် SME များ ပေါ်ထွန်းရေးများအတွက် ကြိုးပမ်းသွားရမှာ ဖြစ်ပါကြောင်း။

SME လုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆောင်ရွက်ရာတွင် တက္ကသိုလ်၊ ကောလိပ်၊ သက်မွေးပညာသင်တန်းများနှင့် ချိတ်ဆက်လျက်ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်များမှ SME များအတွက် လိုအပ်သော စွန့်ဦးတီထွင်အစီအစဉ်များ ထည့်သွင်းသင်ကြားပေးရန် လိုအပ်ပါကြောင်း၊ SME များ၏ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင်များအား စွန့်ဦးတီထွင် ပညာရေးစနစ်များတွင် သင်ကြားပေးခြင်းအားဖြင့် စွမ်းရည်ရှိသော SME များ ပေါ်ပေါက်လာမှာ ဖြစ်ပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် SME များ ရင်ဆိုင်နေရသည့် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ဖြစ်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများဖွံ့ဖြိုးရေး၊ ဘဏ္ဍာငွေကြေးရရှိရေး၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုကောင်းများရရှိရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်များသို့ ချိတ်ဆက်ဝင်ဆံ့နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လိုအပ်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို ညှိနှိုင်းပြင်ဆင်ပေးသွားကြရန် ဖြစ်ပါကြောင်းနှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့မှ ပြုစုထုတ်ဝေထားသည့် အာဆီယံ SME မူဝါဒညွှန်းကိန်းများနှင့် ချိန်ထိုး၍ မိမိနိုင်ငံ၏ SME များ ရောက်ရှိနေသည့်နေရာမှ ရှေ့သို့တစ်ဆင့်မြှင့်တင်သွားနိုင်ရေး စဉ်ဆက်မပြတ် သုံးသပ်လုပ်ဆောင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ SME များ၏ ထုတ်ကုန်များအား တီထွင်ဆန်းသစ်မှုများနှင့် ဈေးကွက်က လိုအပ်သော ပစ္စည်းအမျိုးအစား၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးနှုန်းများဖြင့် ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းနေမှု၊ SME များအတွက် လိုအပ်သည့် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်ရေးနှင့် ကောင်းမွန်တိုးတက်သော စီးပွားရေးဝန်းကျင် ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစုအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

## သဘောတူညီမှုစာချွန်လွှာ (LOA) ပျက်ပြယ်ကြောင်း အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့သည် မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ UHT Milk ပြုပြင်ထုတ်လုပ်ရေးစက်ရုံ ပြင်ဆင်တည်ဆောက်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းမီ UHT Milk များ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ (၂၀-၁၂-၂၀၁၃)ရက်နေ့တွင် ရုံးအမှတ်(၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်၌ သဘောတူညီမှုစာချွန်လွှာ (Letter of Agreement-LOA) အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ အဆိုပါသဘောတူညီမှုစာချွန်လွှာ (LOA)စာပိုဒ်(၅)တွင် နှစ်ဖက်သဘောတူညီမှုလက်မှတ်ရေးထိုးထားသောလုပ်ငန်းများအား (LOA)လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ (၆)လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ (၆)လကျော်လွန်ပါက အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ စာချုပ်အား ရပ်ဆိုင်းရမည်။ တစ်ဖက်နှင့်တစ်ဖက် ငြင်းဆန်ခွင့်မရှိစေရဟု ဖော်ပြပါရှိပါသည်။

၃။ အထက်ဖော်ပြပါ သဘောတူညီမှုစာချွန်လွှာ (LOA) သည် (၂၀-၁၂-၂၀၁၃) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသဖြင့် (၁၉-၆-၂၀၁၄)ရက်နေ့တွင် စာချုပ်သက်တမ်းပြည့်မြောက်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှုစာချွန်လွှာ (Letter of Agreement- LOA) သည် ပျက်ပြယ်ပါကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ (၇-၁၁-၂၀၁၄) ရက်စွဲပါစာဖြင့် အကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၄။ အဆိုပါ သဘောတူညီမှုစာချွန်လွှာ (LOA)ပါ စည်းမျဉ်းစည်းကမ်းများအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့ ချုပ်ဆိုထားသော စာချုပ်သည် ပျက်ပြယ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## အင်းစိန်ရထားလမ်းခုံးကျော်တံတားစီမံကိန်း ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်သော အင်းစိန်ဈေးဘက်မှ စော်ဘွားကြီးကုန်းဘက်ရှိ လမ်းသစ်လမ်းပေါ်သို့ လမ်းလေးခွ အဆုံးကျော်၍ ဗဟိုလမ်းဘက်သို့ လက်တက်တစ်ခုခွဲထွက်တည်ဆောက်ထားသော အင်းစိန်ခုံးကျော်တံတား အသစ်အား မကြာမီဖွင့်လှစ်၍ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်သည်။

တံတားကြီးအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ပန္နက်ရိုက်တည်ဆောက်ခဲ့ပြီး ပင်မတံတား အင်းစိန်ဈေးရှေ့ လမ်းသစ်လမ်းပေါ်သို့ နှစ်လမ်းသွား အကျယ် ၂၈ ပေ၊ အရှည် ၁၅၅၇ ပေနှင့် လက်တက်တံတား တစ်လမ်းသွား ဗဟိုလမ်းပေါ်သို့ အကျယ် ၁၆ ပေ၊ အရှည် ၆၀၃ ပေရှိကြောင်းနှင့် စုစုပေါင်း တံတားအရှည်မှာ ပေ ၂၁၆၀ ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိကြောင်းလည်း သိရသည်။

တံတားကြီးတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီ တံတားကြီးအားဖွင့်လှစ်ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်သဖြင့် ယာဉ်ကြောကျပ်တည်းမှုပြေလျော့နိုင်တော့မည်ဖြစ်သည်။ **(၆၈၄)**

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအားပိုနေမည်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့နံနက်၉နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဇောင်းတူမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘီးလင်းမြို့နှင့်သိမ်ဇရပ်မြို့တို့တွင် ၃ ဒသမ ၈၆ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၅၂ လက်မနှင့်ပဲခူးမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေမှ ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအားပိုနေမည်။

## သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းများ သဘာဝဘေးကြောင့် လွတ်ထွက်မှုမရှိစေရန် ဆောင်ရွက်ထား

**နေပြည်တော် ဩဂုတ် ၁၃**

ငါးလုပ်ငန်းဦးစီးဌာန သာကေတမိကျောင်းမွေးမြူရေးစခန်းသည် သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မြခွာညိုလမ်းတွင်တည်ရှိသည်။ မြန်မာနိုင်ငံတွင် အရွယ်စုံမိကျောင်းကောင်ရေအများဆုံး မွေးမြူပြသထားသည့်တစ်ခုတည်းသော စခန်းဖြစ်သည်။ စခန်းအတွင်းရှိ မိကျောင်းများကို လုံခြုံစိတ်ချအန္တရာယ်ကင်းအောင် ထိန်းသိမ်းထားရှိသည်။ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်တွင်ပင် မိကျောင်းများလွတ်ထွက်မှုအန္တရာယ်မဖြစ်နိုင်အောင် စိတ်ချရသည့်အကာအရံများဖြင့် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်က ဒုတိယအကြိမ် အလှူငွေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်က ဒုတိယအကြိမ် အလှူငွေလှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ငွေကျပ်သိန်း ၅၀ အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အလှူငွေကျပ် ၈၀ ဒသမ ၄ သိန်းနှင့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော အဝတ်အထည်များ ပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)မှ ငွေကျပ် ၁၀ သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း ၁၀၀၊ ထိုင်းနိုင်ငံမှ Mr.Thawatchai Sopphasti enphong, ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ငွေကျပ် ၈၄၄၅၀၊ အမေရိကန်ဒေါ်လာ ၂၁၀၊ ထိုင်းဘတ် ၁၃၉၀၀ တို့ကို လှူဒါန်းသည်။

ယင်းနောက် “ဝ”အထူးဒေသ(၂)မှ ငွေကျပ်သိန်း ၆၀၀၊ “မိုင်းလား”အထူးဒေသ(၄)မှ ငွေကျပ်သိန်း ၆၀၀ နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ငွေကျပ်နှစ်သိန်းတို့ကို လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး စတုတ္ထအကြိမ်မြောက် ထပ်မံတင်ပြထားရှိ

**နေပြည်တော် ဩဂုတ် ၁၃**

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြုစုပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၂၇ ရက်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လိပ်မူပြီး ပေးပို့ခဲ့သော်လည်း ယင်းဥပဒေပြဋ္ဌာန်းခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးပါရန် ဩဂုတ် ၁၃ ရက်က ထပ်မံတင်ပြထားကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏စာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၃၈(ခ)တွင် **“ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”**ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၆၉(ခ)တွင် **“သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”**ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၉၆(က)တွင် **“လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည့် အကြောင်းအချက်များ**ကိုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် **သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။”**ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၉၇ တွင် **“ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်။”**ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း ဖော်ပြထားရှိသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒရှင်များက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အား ထိန်းကျောင်းပေးနိုင်မည့် မဲဆန္ဒရှင်များ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အဆိုပါတာဝန်နှင့် အခွင့်အရေးကို မဲဆန္ဒရှင်များက ကျင့်သုံးဆောင်ရွက်လိုသော်လည်း အဆိုပါတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ မူလအခွင့်အရေး ဆုံးရှုံးသည့်သဘော သက်ရောက်နေပါကြောင်း ဖော်ပြထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေအကျဉ်းချုပ်ကို ပူးတွဲပြီး ထပ်မံပေးပို့ခဲ့ရာ ပြည်ထောင်စုလွှတ်တော်သည် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက်နှင့် ၂၃ ရက်နေ့တို့တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း အတည်ပြုပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဆိုင်းငံ့ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးပါရန် ထပ်မံတင်ပြအပ်ပါကြောင်း ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ် ၁၃ ရက်တွင် စတုတ္ထအကြိမ်မြောက် ထပ်မံတင်ပြခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မနက်ဖြန်ညနေထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်အား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# Second Addendum လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Pact Global Microfinance Fund(PGMF)တို့အကြား Second Addendum ရေးထိုးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ရှေ့မှောက်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် Pact Global Microfinance Fund(PGMF)မှ President & Chief Operating Officer တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် PGMF တို့သည် ၂၅-၁-၂၀၁၃ ရက်မှစ၍ MoU ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြို့နယ် ၂၆ မြို့နယ်တွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အခမ်းအနားတွင် UNDP က လွှဲပြောင်းပေးခဲ့သည့် မြို့နယ် ၂၅ မြို့နယ်နှင့် PGMF က လက်ရှိဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၂၆ မြို့နယ် ပေါင်းစည်းခြင်းအတွက် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ပြီး ပြည်သူများ၏လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

### ❒ ကျောဖုံးမှ

ဧရာဝတီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့ဘဲ အဝေးဂိုးလည်းရယူနိုင်ခြင်းမရှိရာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရန် အခွင့်အရေးနည်းပါးသွားပြီဖြစ်သည်။

နှစ်ကြိမ်ဆက် ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းမှာ ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက်လက်တက်ရောက်နိုင်ရေးအတွက် လူစုံအသုံးပြုခဲ့ပြီး ရခိုင်အသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ရင်ဆိုင်ခဲ့သည်။ ပွဲအစ ကိုးမိနစ်တွင် ဧရာဝတီအသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး လာဇာကသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာခဲ့ပြီး ရခိုင်အသင်းမှာ ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးသုံးကြိမ်ထက်မနည်းကို ဆုံးရှုံးခဲ့သည်။ ဒုတိယပိုင်းတွင် ဧရာဝတီအသင်းက ခံစစ်ပိုင်းကို အဓိကထားပြင်ဆင်ခဲ့ရာ ရခိုင်အသင်း ပထမပိုင်းလောက် အခွင့်အရေးမရရှိတော့ပေ။ ၅၈ မိနစ်တွင် ရခိုင်နောက်ခံလူတစ်ဦး လက်ထိခဲ့၍ ဧရာဝတီအသင်း ပင်နယ်တီ ကန်ခွင့်ရခဲ့ပြီး ရစ္စတီက ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီမီးပွဲစဉ်နှစ်ပွဲစလုံးကို မလေးရှားနိုင်ငံမှ ဒိုင်လူကြီးတစ်ဦးကို ငှားရမ်းကိုင်တွယ်စေခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဩဂုတ် ၁၉ ရက်တွင် မကွေးနှင့် ရတနာပုံ၊ ဩဂုတ် ၂၀ ရက်တွင် ရခိုင်နှင့် ဧရာဝတီတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ တစ်ခေါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ခြင်ထောင်၊ ဖယောင်းတိုင်၊ မီးစက်၊ အလူမီနီယံလှေကား၊ ရေသန့်ဆေး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ လူသုံးကုန်ပစ္စည်း၊ ယိုးဒယားဖျာလိပ်၊ အိပ်ရာခင်း၊ မိုးကာလိပ်၊ အဝတ်အထည်၊ စားသုံးဆီ၊ ဆန်နှင့် ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ နှစ်ခေါက်ဖြင့် စားသောက်ကုန်၊ အသက်ကယ်အင်္ကျီ၊ ဆေးဝါးမျိုးစုံ၊ ရေသန့်ဆေး၊ သက်န်း၊ ဆေးပစ္စည်း၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်နှင့် ကော်ပုံးခွံတွဲများကိုလည်းကောင်း ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

(ပို့ဆောင်ရေးဝန်ကြီးဌာန)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်လက်ရုံးရွေးချယ်ပွဲ တက်ရောက်စိစစ်ရွေးချယ်



**နေပြည်တော် ဩဂုတ် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ် သီရိဆောင်၌ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈)၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်သည်။

အဆိုပါစစ်လက်ရုံး စိစစ်ရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ပြီး ဗိုလ်လောင်းများအား စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းအားကစားကွင်း တည်ဆောက်နေမှုနှင့် အားကစားရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်လက်ရုံးစိစစ်ရွေးချယ်မှုအား ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ပြီး အောင်ဇေယျတပ်ရင်း စားရိပ်သာ၌ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းများ နေ့လယ်စာစားသုံးမှုကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး **(ယာပုံ)** စစ်လက်ရုံးစိစစ်ရွေးချယ်မှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ **(မြဝတီ)**

## ရေဘေးသင့်ပြည်သူများအား မြို့ပေါ်ရှိပရဟိတအဖွဲ့များနှင့် စေတနာရှင်များမှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ရေကြည် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဝဓန်မြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၇ ရက် မှစတင်၍ ရေကြည်မြို့နယ်အတွင်းရှိ အသုတ်မြို့အပါအဝင် ရေဝင်ရောက်လျက်ရှိသော ကျေးရွာများ၌ လူနေအိမ်များ ရေနစ်မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ ပစ္စည်းများအား ရေကင်းလွတ်ရာနေရာများသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများအား ကူညီရန် မြို့ပေါ်ရှိ ပရဟိတအဖွဲ့များနှင့် စေတနာရှင်၊ အလှူရှင်များက ဆန်အိတ်များ၊ သောက်ရေသန့်ဘူးများ၊ အစားအသောက်နှင့် အဝတ်အစားများကို နေရာအရောက် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။ **လှမြင့်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပျက်စီးယိုယွင်းနေသည့် မြို့တွင်းလမ်းပိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်

**ခရမ်း ဩဂုတ် ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပျက်စီးယိုယွင်းနေသည့် မြို့တွင်းလမ်းပိုင်းများကို အဆင့်မြင့်ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲခင်းကျင်းလျက်ရှိရာ ဩဂုတ်လတွင် မြို့တွင်းအဝင်လမ်းမကြီးတစ်ခုဖြစ်သည့် အကျယ် ၁၈ ပေ၊ အရှည် ၁၃၈၀ ပေရှိ ကျောက်တိုင်လမ်းအား အကျယ်ပေတိုးချဲ့၍အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် ထပ်မံတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျောက်တိုင်လမ်းမကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စည်ပင်သာယာရေးခွင့်ပြုရန်ပုံငွေမှကျပ်သိန်း ၈၃၁ ဒသမ ၈၁၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၁၇၀ ခန့်ဖြင့် စုပေါင်း၍ အရှည်ပေ ၁၃၈၀၊ အကျယ် ၂၉ ပေ၊ ဒု ၉ လက်မရှိ အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ခင်းကျင်းလျက်ရှိသည်။

ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေး၊ မြို့သာယာလှပ၍ သန့်ရှင်းစေရန် မြို့တွင်းရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းများအဆင့်မြှင့်တင်၍ အပိုင်းအလိုက်တိုးချဲ့ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ လမ်းများအရည်သွေးကောင်းမွန်၍ အလေအလွင့်နည်းပါးစေရေးအတွက် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ များနှင့်ခရမ်းမြို့အမှတ်(၃)ရပ်ကွက် ကျောက်တိုင်လမ်းအဆင့်မြင့်ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၁ဦး နှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၄၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၉၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၂၀ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၁ ဦး စုစုပေါင်း ၅၄၀၈ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၉ ပါတီနှင့် တစ်သီးပုဂ္ဂလ ၂၃၂ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မိုးရွာသွန်းမှုများကြောင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အောင်လံ-ရွှေပန်းတော-သမ္ဘူလ လမ်းရှိ ရွာမထုံးကျေးရွာကြားရှိ ဘဲသွေးချောင်းတံတား ပျက်စီးသွားရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရွှေသရဖူကုမ္ပဏီက ယာဉ်များ သွားလာနိုင်ရန် လမ်းလွှဲဆောင်ရွက်ထားမှုကို တွေ့ရစဉ်။**
(မြို့နယ်ပြန်/ဆက်)

## မတ္တရာမြို့နယ်မှ စေတနာရှင်များစုပေါင်း၍ ရေဘေးသင့်ဒေသရှိ ကျွဲ၊ နွားများအတွက် အစာများ သွားရောက်လှူဒါန်း

**မတ္တရာ ဩဂုတ် ၁၃**

မတ္တရာမြို့နယ်ရှိ စေတနာရှင်များနှင့် အဝါရောင်လမ်းလေးပရဟိတကုသိုလ်ပြုအဖွဲ့တို့သည် ရေနံချောင်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်သော ကျေးရွာများမှ ကျွဲ၊ နွားကောင်ရေ ၈၀၀၀ အတွက် နှမ်းဖတ်၊ ကောက်ရိုး၊ ပြောင်းနှင့် ပဲမှော်များကို ၁၂ ဘီးကားကြီးများဖြင့် တင်ဆောင်ကာ ဩဂုတ် ၁၁ ရက်ညပိုင်းက ရေနံချောင်းမြို့သို့ ထွက်ခွာသွားပြီး ယမန်နေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း၊ အဆိုပါအဖွဲ့သည် ရေဘေးသင့်ပြည်သူများအတွက်လည်း ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး (မတ္တရာ)**

## မိုးဦးနှမ်းများ ရိတ်သိမ်းချိန်ရောက်ရှိနေပြီဖြစ်၍ ဆီကြိတ်စက်လုပ်ငန်းရှင်များ လုပ်ငန်းတွင်ကျယ်

**သာစည် ဩဂုတ် ၁၃**

မိုးဦးကျကစိုက်ပျိုးထားသော မိုးဦးနှမ်းများရိတ်သိမ်းချိန်ရောက်ရှိပြီဖြစ်၍ ပေါ်ဦးပေါ်စနှမ်းများကို စားသုံးဆီအတွက် ဆီကြိတ်သူများပြားလျက်ရှိရာ ဆီကြိတ်စက်လုပ်ငန်းရှင်များ လုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်နေရကြောင်း သိရသည်။

"မိုးဦးနှမ်းတွေဖြိုင်ဖြိုင်ပေါ်ချိန်ဆို နှမ်းဆီကြိတ်သူတွေ နှစ်စဉ်များပြားလေ့ရှိပါတယ်။ ပေါ်ဦးပေါ်စဆိုတော့ သူ့ထက်ငါ စားသုံးဆီအတွက် နှမ်းဆီလာကြိတ်ကြပါတယ်။ နှမ်းပေါ်ချိန်ဆို နှမ်းဆီအဓိကဆီကြိတ်ရပြီး မြေပဲပေါ်ချိန်ဆို မြေပဲဆီကြိတ်ရပါတယ်။ အခုဆိုရင် လျှပ်စစ်မီးကမပြတ်တော့ ဆီကြိတ်သူရှိရင် ရှိသလို နေ့ညဆီကြိတ်ပေးပါတယ်။

"နှမ်းတစ်တင်းဆီကြိတ်ခအဖြစ် ငွေကျပ် ၂၀၀၀ ပေးရပြီး နှမ်းတစ်တင်းလျှင် နှမ်းဆီ ခုနစ်ပိဿာခွဲ၊ နှမ်းဖတ် ခုနစ်ပိဿာထွက်ရှိပါတယ်။ ဒီနှစ်နှမ်းဈေးက မကောင်းတော့ နှမ်းရောင်းတဲ့သူနည်းတယ်။ နှမ်းကိုပိဿာချိန်ဖြင့် ပွဲရုံများကဝယ်ယူရာတွင် နှမ်းတစ်ပိဿာ ငွေကျပ် ၁၆၀၀ မှ ၁၈၀၀အထိ နှမ်းအမျိုးအစားပေါ် မူတည်ပြီး ရောင်းရပါတယ်။ နှမ်းဆီဈေးနှင့် နှမ်းဈေးမကောင်းတဲ့အတွက် ရောင်းချသူနည်းပြီး စားသုံးဆီအတွက်သာ ဆီကြိတ်သူများပြားတဲ့အတွက် ဆီကြိတ်စက်လုပ်ငန်းရှင်များ လုပ်ငန်းတွင်ကျယ်စွာ နေ့ညလုပ်ကိုင်နေကြပါတယ်"ဟု သာစည်မြို့နယ်ဒေသခံတစ်ဦးက ပြောသည်။ **မျိုးမင်း(သာစည်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## မကွေးရေဘေးသင့်ကျေးရွာများသို့အလှူငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗဟိုအမျိုးသားအထက်တန်းကျောင်းအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက မကွေးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများရှိ ကျေးရွာပြည်သူများသို့ အလှူငွေများ၊ ဆန်များ၊ စားသောက်ဖွယ်ရာများ၊ ALPILE ကုမ္ပဏီတို့က ရေသန့်ဘူး ၁၂၀၀ ကို ဩဂုတ် ၁၀ ရက်က လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီးမှမကွေးရေဘေးသင့်ပြည်သူများကို ကျပ်သုံးသိန်းလှူဒါန်းခဲ့သည်။

**သီဟကိုကို(မန္တလေး)**

■

## ပြင်ဆင်ဖတ်ရှုပါရန်

တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားသည့် ဩဂုတ် ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)၊ ကော်လံ(၄)၊ စာကြောင်းရေ(၂)ပါ တော်ဝင်ကောလိပ်သမားတော်ဘွဲ့ရ (M.B.B.S, M.Med.Sc, MRCP) ခုနစ်ဦး (အစား) တစ်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမြန်လမ်းပေါ်မှ ယာဉ်မောင်းများနှင့် ခရီးသွားတို့၏ အသံများ

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ၃၆၆ မိုင် ၃ ဖာလုံ အရှည်ရှိပြီး မြို့နယ်ပေါင်း ၂၂ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း ၂၀၂ မိုင် ၁ ဖာလုံကို ၂၀၀၉ ခုနှစ် မတ်လတွင်လည်းကောင်း၊ နေပြည်တော်-မန္တလေးအမြန်လမ်းပိုင်း မိုင် ၁၅၀ - ၅ ဖာလုံကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ စကားအင်း-တံခွန်တိုင်လမ်းပိုင်း ၁၃ မိုင် ၅ ဖာလုံကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။**



ကျော်ကျော်ကို။



ဦးမောင်မောင်။



ထွန်းအောင်ကျော်။



ဒေါက်တာအောင်မြတ်ကျော်စိန်။



ထွန်းထွန်းလတ်။

အဆိုပါ အမြန်လမ်းမကြီး ဖွင့်လှစ်ပြီးနောက်ပိုင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆက်သွယ်သွားလာနေကြသူများအနေဖြင့် ယခင်ရန်ကုန်-မန္တလေး လမ်းဟောင်းကို အသုံးပြုခဲ့ရာမှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပိုမိုအသုံးပြုလာခဲ့သည်။

အမှန်တကယ်တွင် ပြည်သူအများစုမှာ ရထားစီးနင်းရသည့် အချိန်ကြာမြင့်မှုကြောင့်လည်းကောင်း၊ လေယာဉ်စရိတ် အခက်အခဲတို့ကြောင့် လည်းကောင်း အမြန်လမ်းကိုသာ အဓိကသုံးစွဲနေကြရသည်။ ထိုသို့ အသုံးပြုသူများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆ ဖြစ်ပွားမှုများလည်း များပြားလာပြီး ယင်းဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး လမ်းအသုံးပြုသူများ၏ အမြင်များကို ဖော်ပြလိုက်ပါသည်။

**ယာဉ်မောင်း ကျော်ကျော်ကို**
**ကျန်းမာရေးဝန်ကြီးဌာန**

ယာဉ်မတော်တဆမှု အများစုက သတ်မှတ် မိုင်နှုန်းထက်ကျော်ပြီး မောင်းကြလို့ ဖြစ်တာလို့ ထင်ပါတယ်။ နှုန်းထား ကီလိုမီတာ ၁၀၀ အောက်မှာပဲ မောင်းတယ်ဆိုရင် အရေးအကြောင်းဆို ယာဉ်မောင်းက ထိန်းနိုင်ပါတယ်။ ကျွန်တော်တို့လည်း အဲဒီလောက်ပဲမောင်းတယ်။ မှောက်တယ်ဆိုတာ ၁၀၀ ကျော်လို့လို့ ထင်ပါတယ်။ ပြီးတော့ ကျွန်တော် ကားမောင်းချိန်ဆို ထမင်းမစားဘူး။ အအေးလေးနဲ့ မုန့်လေး ဒါလောက်ပဲစားတယ်။ ဘာလို့လည်းဆိုတော့ ထမင်းစားလိုက်ရင် ဒါမှမဟုတ် အစားအများကြီးစားလိုက်ရင် ယာဉ်မောင်းက အိပ်ငိုက်တယ်။ လမ်းအနေနဲ့ကတော့ မဆိုးလှပါဘူး။

**ဦးမောင်မောင်**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

အဘတို့က ရန်ကုန်ကနေ တောင်ကြီးကို သွားမလို့ပါ။ ဒီအမြန်လမ်းမှာ အမြဲသွားလာနေကျပါ။ ကားလိုင်းကို ရွေးချယ်စီးတာမျိုးမရှိဘူး။ အဆင်ပြေသလိုပဲ စီးတယ်။ အခု အဘတို့စီးတဲ့ ကားတွေကတော့ မှန်မှန်လေး မောင်းကြပါတယ်။ ဒီလိုမောင်းတော့ ခရီးသည်တွေအတွက် အဆင်ပြေပါတယ်။ ခရီးသွားရင် အဘတို့ကတော့ ကားကိုပဲ အသုံးပြုနေရတာပါ။ လေယာဉ်ကို အသုံးပြုဖို့ကျတော့ စရိတ်က ရှိသေးတယ်လေ။

ခရီးသွားတွေအနေနဲ့ အဓိကကတော့ လိုရာခရီးကို ချောချောမွေ့မွေ့ ရောက်ဖို့ပါပဲ။ ဒီအမြန်လမ်းက ယာဉ်မတော်တဆတွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးတော့ ကြားတယ်။ ကားအချင်းချင်း ကျော်ရင်း တွေ့နဲ့တွေ့ပြီး အရှိန်မထိန်းနိုင်ဘဲ ယာဉ်မတော်တဆတွေ ဖြစ်တာမျိုးတွေလည်း ရှိမှာပါ။ ယာဉ်မောင်းတွေအနေနဲ့ အလောတကြီးမမောင်းဘဲ မှန်မှန်လေးမောင်းတာ အားလုံးအတွက် အကောင်းဆုံးလို့ ထင်ပါတယ်။

**ကိုထွန်းအောင်ကျော် (ယာဉ်မောင်း)**
**Boss Express ကားလိုင်း**

ကားတွေရဲ့ ကြံ့ခိုင်ရေးက အရေးကြီးပါတယ်။ ပြီးတော့ သတ်မှတ်မိုင်နှုန်းကလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ကားလိုင်းကတော့ အခုမိုင်နှုန်းကို ကီလို ၉၀ သတ်မှတ်ထားပါတယ်။ ဒီနှုန်းတွေနဲ့ဆို အန္တရာယ်ကင်းကင်းနဲ့ မောင်းလို့ရပါတယ်။ အရှိန်တွေ ပါနေတဲ့ အချိန်မှာ ဘီးပေါက်သွားတာမျိုး၊ ပစ္စည်းချွတ်ယွင်းချက်တစ်ခုခု ဖြစ်တာမျိုးဆို အန္တရာယ်ရှိနိုင်တဲ့ အနေအထားပါ။

လမ်းအနေအထားကတော့ တချို့လမ်းအကွေ့တွေမှာ၊ လမ်းအဆက်တွေမှာ လှိုင်းတွေရှိတယ်။ ဒီလိုနေရာတွေမှာ ကားလေး၊ ကားကြီးတွေနဲ့ ရှောင်ရမှာမျိုးတွေ ရှိတယ်။ ဒီလိုရှောင်ရင်း လမ်းဘေးကို နည်းနည်းကျသွားတဲ့အခါ ဒီလမ်းဘေးတွေမှာ ကားချော်ပြီး အန္တရာယ်ဖြစ်နိုင်တာမျိုးတွေရှိတယ်။ ပြီးတော့ ရေတွေရှိတဲ့ ချိုင့်တွေရှိတယ်။ ဒီချိုင့်ထဲ ကားတွေဖြတ်တဲ့အခါ တစ်ဖက်ဆွဲတာမျိုးတွေရှိတယ်။ လမ်းတွေမှာ ရေအိုင်နေတာမျိုးတွေက ယာဉ်မောင်းတွေအတွက် မကောင်းဘူး။

ကျွန်တော့်အနေနဲ့ကတော့ အမြန်လမ်းမှာ လမ်းအကွေ့တွေကို သတိထားကြပါ။ လမ်းအကွေ့တွေမှာ အရှိန်ပိုလျှော့လိုက်လို့ အချိန်ဘာမှ မကြာသွားပါဘူး။ သတ်မှတ်မိုင်နှုန်းနဲ့ မောင်းမယ်ဆိုရင် အားလုံးအတွက် အကောင်းဆုံးပဲလို့ ထင်ပါတယ်။

**ဒေါက်တာအောင်မြတ်ကျော်စိန်**
**ဒုတိယပါမောက္ခချုပ်**
**မော်လမြိုင်တက္ကသိုလ်**

ဒီအမြန်လမ်းပေါ်မှာ ကားတွေ အများကြီးသွားနေတာပါ။ ယာဉ်မတော်တဆမှုတွေ ဖြစ်တာမျိုးလည်း သိရပါတယ်။ ဒီအမြန်လမ်းမှာ ကားတွေ မြောက်မြားစွာသွားတဲ့ ရာခိုင်နှုန်းနဲ့ ယာဉ်မတော်တဆမှုဖြစ်တဲ့ ကားအရေအတွက်ကို ပြန်ပြီး ရာခိုင်နှုန်းနဲ့ တွက်ကြည့်မယ်ဆိုရင်တော့ အများကြီးလို့တော့ မထင်ရပါဘူး။

ကျွန်တော်တို့လည်း အလုပ်ကိစ္စတွေနဲ့ ခရီးတွေသွားရတယ်။ တချို့ယာဉ်လိုင်းတွေမှာ ယာဉ်တွေရဲ့ ကြံ့ခိုင်မှုကို အမြဲဆောင်ရွက်တယ်။ ပြီးတော့ အတွေ့အကြုံရှိတဲ့ ယာဉ်မောင်းသူတွေနဲ့ စနစ်တကျ မောင်းတယ်။ စနစ်တကျနဲ့ သတ်မှတ်မိုင်နှုန်းနဲ့မောင်းတဲ့ ယာဉ်လိုင်းတွေအတွက် အန္တရာယ်မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။

ရာသီဥတု အခြေအနေကြောင့် လမ်းပေါ်မှာ ရေတင်နေတာမျိုးတွေနဲ့ ယာဉ်မောင်းတွေ ပင်ပန်းနွမ်းနယ်မှုတွေဖြစ်နေတဲ့ အချိန်မျိုးတွေမှာ ယာဉ်မတော်တဆဖြစ်တာမျိုး ဖြစ်တတ်ပါတယ်။ အမြန်လမ်းပိုင်းအနေနဲ့ကတော့ အကွေ့တွေရှိတယ်လို့ သိရပါတယ်။ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားတာ ဒီအကွေ့တွေ ရှိနေတာမျိုးကြောင့်လို့တော့ မထင်ပါဘူး။ ယာဉ်မောင်း ပင်ပန်းနွမ်းနယ်တာမျိုး၊ အရှိန်များတာမျိုးကြောင့်ဖြစ်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကျွမ်းကျင်တဲ့ယာဉ်မောင်း ရှားပါးမှုလည်းရှိမယ်လို့လည်း ထင်ပါတယ်။ လမ်းအနေနဲ့က ထိုက်သင့်သလောက်တော့ ပြည့်စုံမှုရှိတယ်လို့ ထင်ပါတယ်။ ပညာရှင်တွေ အပိုင်းကတော့ ဘယ်လောက်လိုအပ်တယ်ဆိုတာမျိုးလည်း ရှိမှာပါ။

**ကိုထွန်းထွန်းလတ်(ယာဉ်မောင်း)**
**Elite ယာဉ်မောင်း**

ကားကြံ့ခိုင်ရေးက အဓိက ထင်ပါတယ်။ ကားကြံ့ခိုင်ရေးကောင်းတော့ အန္တရာယ်ကင်းတာပေါ့။ ကျွန်တော်တို့လိုင်းမှာ မောင်းတာတော့ စကန်နီယားပါ။ အမြန်လမ်းနဲ့က တရုတ်ကားတွေ၊ ကြောင်လို့ခေါ်တဲ့ ဂျပန်ကားတွေထက် စကန်နီယားက ပိုအဆင်ပြေတယ်လို့ ထင်ပါတယ်။ ပြီးတော့ လိုင်စင်အနီ သက်တမ်း (၅) နှစ်ရှိရမယ်။ ကားမောင်းတဲ့ အတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိရမယ်ဆိုတဲ့ သတ်မှတ်ချက်တွေလည်း ရှိပါတယ်။

ယာဉ်မတော်တဆမှုတွေဟာ လမ်းနဲ့တော့ မဆိုင်ဘူးထင်ပါတယ်။ သတ်မှတ်မိုင်နှုန်းက အရေးကြီးပါတယ်။ ကျွန်တော်တို့လိုင်းက မိုင်နှုန်း ၉၀ သတ်မှတ်ပေးထားပါတယ်။ ၉၀ ထက်လည်း ကျော်မောင်းလို့လည်း မရပါဘူး။ ယာဉ်မောင်းရဲ့ အတွေ့အကြုံနဲ့လည်း ဆိုင်ပါတယ်။

**ကိုမျိုး (ကိုယ်ပိုင်ယာဉ်မောင်း)**
**ရန်ကုန်မြို့**

ကျွန်တော်က ကိုယ်ပိုင်ကားနဲ့ ရန်ကုန်၊ မန္တလေးကို မကြာခဏ သွားနေတာပါ၊ ကားတွေ မကြာခဏ မှောက်တာ တွေ့လည်းတွေ့တယ်၊ ကြားလည်း ကြားရတယ်။ ဒီလမ်းပေါ်မှာ မကြာခဏသွားနေတဲ့သူတစ်ယောက်အနေနဲ့ အတွေ့အကြုံအရဆိုရင် ဖြစ်ပွားမှုတော်တော်များများ အရှိန်များလို့လို့ ကျွန်တော်ထင်တယ်။ အကွေ့အဝိုက်တွေရှိတယ်။ အဲဒီနေရာလေးတွေရောက်ရင် အရှိန်လျှော့ပြီး သတိထားသင့်တာပေါ့။ လမ်းတစ်လျှောက်မှာ အရှိန်တိုင်းကိရိယာတွေရှိပါတယ်။ ကိုယ်ပိုင်ကားတွေရော၊ လိုင်းကားတွေပါ အဲဒီကိရိယာတွေ့မှ အရှိန်လျှော့တာမျိုးတွေ တွေ့ရတယ်။

နောက်ပြီး မိုးတွင်းဆိုရင် တချို့နေရာလေးတွေ ရေဝပ်နေတာရှိတယ်။ ဒါကိုတွေ့ရင် အရှိန်လျှော့မောင်းသင့်တာပေါ့။ ရေဝပ်တဲ့နေရာကို အရှိန်လျှော့မမောင်းရင် ဘေးဘယ်ညာကို ဆွဲသွားပြီး ယာဉ်တိမ်းမှောက်မှုတွေ ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက အဲဒီအမြန်လမ်းပေါ်မှာ မော်တော်ဆိုင်ကယ်တွေ၊ စက်ဘီးတွေနဲ့ အနီးပတ်ဝန်းကျင်ရွာတွေက သွားလာနေတာတွေ့ရတယ်။ တချို့နေရာတွေမှာဆိုရင် လမ်းပြောင်းပြန် စီးလာတာတွေတောင် တွေ့ဖူးတယ်။ ယာဉ်မောင်းတွေ အတွက်ရော၊ လမ်းပေါ်တက်စီးတဲ့သူတွေအတွက်ပါ အန္တရာယ်များပါတယ်။ ဒါတွေကို တာဝန်ရှိတဲ့သူတွေက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သင့်ပါတယ်။

လမ်းမကြီးပေါ်မှာ ဆိုးဆိုးရွားရွား လမ်းပျက်တာမရှိပေမယ့် မော်တော်ယာဉ်တွေ အရေးပေါ် ဘီးတစ်ဘီးလောက်ချလို့ရတဲ့ မျဉ်းဝါရဲ့ဘေးက ကွန်ကရစ်လမ်း အကျဉ်းလေးကတော့ တော်တော်များများ ပျက်နေပြီ ကောင်းတဲ့နေရာတွေဆိုလည်း ရေညှိတွေနဲ့ လမ်းတွေက ချော်နေတော့ အန္တရာယ်များပါတယ်။ ဒီအပိုင်းတွေကိုတော့ နိုင်ငံတော်က ဆောင်ရွက်ပေးသင့်ပါတယ်။



**ညီညီထွန်းနှင့် သတင်းအဖွဲ့**
**ဓာတ်ပုံ-ဟန်မျိုးထက်**

ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများဆက်လက်ပြုလုပ်

**အောင်လံ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့်အဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတိုးကြည်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်နှင့် ဆေးဝန်ထမ်းများ၊ မြို့နယ်တိမွေးကုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းမင်းဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမင်းသိန်းထွန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဉက္ကဋ္ဌ ဒေါ်အေးအေးသန့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းမှစတင်၍ ရေဘေးသင့် ကျေးရွာများဖြစ်ကြသည့် ဆယ်လောင်း၊ မအူခုံ၊ မြစ်နား၊ တောင်နံ့သာ၊ အင်းပေါက်ကျေးရွာများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အဆိုပါကျေးရွာများတွင် ဆန်၊ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် ရေသန့်ဆေးတို့ကိုလှူဒါန်းပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများကို မီးသတ်ကားများဖြင့် ဝေငှခဲ့သည်။ ဒေါက်တာမျိုးလွင်နှင့်အဖွဲ့က ရေတွင်းများကိုဆေးခတ်ခြင်း၊ ကျန်းမာရေးဆိုင်ရာများ ဟောပြောခြင်းတို့ကိုဆောင်ရွက်ပြီး ရေသန့်ဆေးသုံးနည်းများကို လက်တွေ့ပြသကြပြီး ဒေါက်တာမင်းမင်းဦးက ကျွဲ၊ နွားတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များကို ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများအတွက် သက်န်းများနှင့် အလှူငွေများလှူဒါန်း

**မြိတ် ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ သံဃာတော်အရှင်သူမြတ်များက ရေဘေးသင့်ဒေသများရှိ ရဟန်းသံဃာများနှင့် ပြည်သူများအတွက် သင်္ကန်းများနှင့် အလှူငွေများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကန်သာကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဆရာတော်သံဃာတော်များက လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့ ရေဘေးသင့်ဒေသရှိ ရဟန်းသံဃာများနှင့် ပြည်သူများအတွက် သင်္ကန်းများနှင့် အလှူငွေကျပ် ၁၀၇ သိန်းကို မြိတ်မြို့နယ်ရှိ ဆရာတော်သံဃာတော်များကိုယ်စား မြိတ်ခရိုင် သာသနာရေးမှူးက ပေးအပ်ရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက လက်ခံရယူပြီး ရေဘေးသင့်ဒေသသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ မြိတ်ခရိုင်အတွင်းရှိမြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များစုပေါင်း၍ ရေဘေးသင့်ဒေသများရှိ ရဟန်းသံဃာများနှင့် ပြည်သူများအတွက် အလှူငွေကျပ် ၃၅၆၄၆၅၀ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့အတူ မြိတ်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများကလည်း ရေဘေးသင့်ဒေသများရှိ ရဟန်းသံဃာများနှင့် ပြည်သူများအတွက် အလှူခံမဏ္ဍပ်များ၊ လှုံ့ဆော်ရေးယာဉ်များဖြင့် အလှူငွေများ၊ အဝတ်အထည်များအလှူခံပြီး ရေဘေးသင့်ဒေသများသို့ ပို့ဆောင်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် မြိတ်မြို့ ပုလဲရတနာခန်းမတွင်လည်း ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ်၁၁ ရက်မှ ၁၃ ရက်အထိ အလှူခံပြီး စက်လှေများဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခိုင်ထူး( ပြန်/ဆက်)**





# ကလေးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ကလေး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ ရက်မှစတင်၍ နှစ်(၁၀၀)အတွင်း မကြုံစဖူးထူးကဲစွာရေကြီးရေလျှံခဲ့ပြီး ယင်းရေလျှံမှုသည် ရက်ရှည်ရေလျှံမှုဖြစ်ခဲ့သဖြင့် ရေပြန်လည်ကျဆင်းချိန်တွင် ကလေးမြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် ယနေ့တိုင် ရွှံ့ညွန်များကြီးမားစွာတင်ကျန်ရစ်ခဲ့သည်။ ကလေးမြို့ ဆည်မြောင်းဦးစီးဌာနသည် ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်ရှိ ပြည်သူများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ရေကြီးနေစဉ် ဇူလိုင် ၃၀ ရက်မှစ၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး ဩဂုတ် ၂ ရက် ရေပြန်လည်ကျဆင်းချိန်တွင် ကလေးမြို့အတွင်း တင်ကျန်ရစ်ခဲ့သောရွှံ့ညွန်များ၊ အမှိုက်များ၊ အပျက်အစီးများကြောင့် ဒေသခံပြည်သူများ သွားလာနေထိုင်ရေးအခက်ကြုံလျက်ရှိမှုကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ကူညီရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏လမ်းညွှန်မှုဖြင့် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးအောင်ဘိုနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလွင်တို့ ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၅ ရက် နံနက်တွင် ရေဘေးသင့်ကလေးမြို့ပြည်သူ့ဆေးရုံကြီး အဆောက်အအုံများအား သန့်ရှင်းရေး၊ ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးမြို့၌ ရေကြီးရေလျှံဖြစ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ မြေတူးစက် (Back Hole)လေးစီး၊ ရေသယ်ယာဉ်ငါးစီး၊ မြေတင်ယာဉ် (loader) သုံးစီးနှင့် မြေသယ်ယာဉ် (Dumper) ငါးစီး၊ မြေသယ်ယာဉ်အသေး (Tipper) ငါးစီး စုစုပေါင်းစက်ယန္တရား ၂၂ စီးကို အသုံးပြုပြီး ကလေးမြို့ပေါ်ရှိကျောင်းများပြန်လည်ဖွင့် လှစ်နိုင်ရေးအတွက် ကျောင်းအတွင်းတင်ကျန်ရစ်ခဲ့သော ရွှံ့ညွန်များဖယ်ရှားခြင်း၊ ကျောင်းသားကျောင်းသူများ သွားလာရာမြို့တွင်းလမ်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ဆေးကြောခြင်းတို့ကို ယနေ့အထိ လူအင်အား၊ စက်ယန္တရားအင်အားသုံး၍ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။(အပေါ်ပုံ)

ယခုအချိန်၌ ကလေးမြို့ ရေကျသွားပြီဖြစ်၍တင်ကျန်ရစ်ခဲ့သော ရွှံ့ညွန်များသည် လမ်းမများပေါ်တွင် (၂)ပေခွဲ မှ (၃)ပေခန့်အထိ တင်ကျန်ရစ်ခဲ့ပြီး အဆိုပါလမ်းများ၊ အိမ်များနှင့် အမက (၃)၊ အထက(၁)ကျောင်းများတွင် အမှိုက်များ၊ ရွှံ့ညွန်များကိုလည်း ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ချင်းတောင်တန်း ကလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများထိထိရောက်ရောက် အင်တိုက်အားတိုက် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) အစီအစဉ်ဖြင့် တောင်ငူမြို့အခြေစိုက် စက်မှုတိုင်း(၂)မှ ညွှန်ကြားရေးမှူး(စက်မှု)ဦးစိုးနိုင်ဦးဆောင်သောဝန်ထမ်းအဖွဲ့သည် ကလေးမြို့သို့ အထူးတာဝန်ဖြင့်ရောက်ရှိလာပြီး ရေကြီးရေလျှံမှုကြောင့် ရုံးများ၊ကျောင်းများ၊ ဆေးရုံနှင့် လမ်းများတွင် တင်ကျန်ရစ်ခဲ့သည့် ရွှံ့ညွန်နှင့်အမှိုက်များကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ရှင်းလင်းပေးခဲ့ရာ ဩဂုတ် ၉ရက်တွင် ကလေးမြို့ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေးရုံကို ပိုမိုလှပ သစ်လွင်စေရန် ဆေးသုတ်ခြင်း၊ ရေ၊ မီးဆင်၍ မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# မင်းဘူးမြို့တွင် ဧရာဝတီမြစ်ရေကျဆင်းသွား၍ ရေနုတ်မြောင်းများနှင့် ရပ်ကွက်လမ်းများ သန့်ရှင်းရေးဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ဧရာဝတီမြစ်ရေကျဆင်းသွား၍ ရပ်ကွက်လမ်းများပေါ်တွင် နုန်းနှင့်အမှိုက်သရိုက်များ တင်ကျန်ရစ်နေမှုများရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့နေမှုများ တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီများ၊ အမှတ်(၈၈)မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းစုပေါင်းပြီး ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ရှင်းလင်းဆောင်ရွက်ရာတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေမှ ဘတ်ဟိုးယာဉ် နှစ်စီး၊ မြို့နယ်စည်ပင်သာယာမှ ဘတ်ဟိုးယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ အမှိုက်သိမ်းယာဉ် တစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှမီးသတ်ယာဉ်တစ်စီး၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြု ကော်မတီမှ ကုန်တင်ယာဉ် ဖောကား ငါးစီးတို့ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

# မိုးမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မြင်းမူ ဩဂုတ် ၁၃**

ဇူလိုင်လအတွင်းက မူးမြစ်ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာကျေးရွာတွင် ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်ရာ ကျေးရွာပြည်သူများ ရောဂါများကင်းဝေးစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် ဩဂုတ် ၁၂ ရက်က သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းဆေးရုံမှ ဒေါ်သူဇာနှင့် တိုင်းရင်းဆေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ အဖွဲ့ဝင်များသည် သောက်သုံးရေတွင်း၊ ရေကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ယင်လုံအိမ်သာများအား စစ်ဆေးခဲ့ကြသည်။

ထို့နောက် ကျေးရွာပြည်သူ ၁၁၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသပေးခဲ့ပြီး ဝမ်းရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေး လိုက်နာကြရမည့် ကျန်းမာရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဖိုးခါး)**

# ကုသိနာရုံဆရာတော် ရခိုင်ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၃**

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြန်မာကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အရှင်ဉာဏိဿရ၏ သက်တော်(၈၀)ပြည့် ဝိဇာတမွေးနေ့တွင် ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ဆရာတော်ကြီးက ငွေကျပ် သိန်း ၂၀၀ မတည်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက် ရခိုင်ဓမ္မာရုံ၌ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆက်လက်၍ သက်တော်(၈၀)ပြည့်မွေးနေ့ ဆရာတော်ကြီးက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မတည်လှူဒါန်းသည့် ကျပ်သိန်း ၂၀၀ အား ကပ္ပိယကာရက ဒေါ်သန်းတင်ကပေးအပ်ရာ လှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ ဦးစောသိန်းတို့က လက်ခံရယူခဲ့ကြသည်။

ဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့်မွေးနေ့တွင် တပည့်ဒါယကာ ဒါယိကာမ ၄၆ ဦးတို့က အလှူငွေကျပ်သိန်း ၂၅၀ ကိုလှူဒါန်းခဲ့သဖြင့် ဆရာတော်ကြီးက ငွေကျပ်သိန်း ၁၅၀ ကို ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်လှူဒါန်းရာ ရခိုင်ပြည်နယ် သစ်တောရေးရာဝန်ကြီး ဦးကျော်ခင်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ရခိုင်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်တို့က လက်ခံရယူခဲ့သည်။

ဆရာတော်ကြီး၏ မွေးနေ့တွင် တောင်ကြီးမြို့ "တို့ချစ်သောကမ္ဘာမြေ" ပရဟိတအဖွဲ့ခေါင်းဆောင်များ ဖြစ်သော "သိဒ္ဓိစိန်"ရတနာဆိုင်ပိုင်ရှင် ဒေါ်အေးမင်း၊ ဒေါ်ချယ်ရီကျော်နှင့် ကိုဆိုတို့က ရခိုင်ပြည်နယ်ရေဘေးသင့် ပြည်သူများအတွက် ကျပ်သိန်း ၃၀၀ တန်ဖိုးရှိသော စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဆေးဝါးများကို လှူဒါန်းရာ ဝန်ကြီး ဦးကျော်ခင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်တို့က လက်ခံရယူခဲ့သည်။

ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေနှင့် ပစ္စည်းအစုစုတို့အား "တို့ချစ်သော ကမ္ဘာမြေ" အဖွဲ့သားများနှင့်အတူ ဩဂုတ် ၁၂ ရက်တွင် "ရွှေပြည်သစ်" စီးလုံးငှားယာဉ်ဖြင့် အမ်းမြို့သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများတွင် သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

**မြောက်ဦး ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်၏ မြို့နယ် ငါးမြို့နယ်ဖြစ်သော ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့တို့သည် ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်အထိ ရွာသွန်းခဲ့သော မိုးကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ရာတွင် အထိနာခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့မှ တစ်ဆင့် မင်းပြားမြို့နယ်သို့ ရောက်ရှိခဲ့ပြီး ရေဘေးသင့်ဒေသများသို့ လေ့လာသတင်းယူခဲ့ရာ မျက်မြင်အခြေအနေအရ ရေကျသွားပြီဖြစ်သဖြင့် ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ် ရောက်ရှိလာပြီး နေရေး၊ စားရေး မပူပင်ရတော့ဘဲ လုပ်ငန်းခွင်ပြန်ဝင်ရန် စိုင်းပြင်းနေကြသည်ကို တွေ့ရသည်။ မင်းပြားမြို့နယ်တွင် ရေကြီးရေလျှံစဉ်က လူ ၁၆ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၁ ရက်တွင် စစ်တွေမှ တစ်ဆင့် မြောက်ဦးမြို့နယ်သို့ သင်္ဘောဖြင့် နံနက် ၇ နာရီတွင် ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် ဆိုက်ကပ်ခဲ့သည်။

မြောက်ဦးမြို့သို့ ရောက်ရှိစဉ် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်နှင့် တွေ့ဆုံပြီး မြောက်ဦးမြို့နယ်၌ သောက်သုံးရေ ပြတ်လပ်နေသည်ဟု သတင်းစကားပြန့်နေမှုကိုမေးမြန်းခဲ့ရာ မြောက်ဦးခရိုင်ကို မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်၊ ပေါင်းလေးမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ကျေးရွာအုပ်စုပေါင်း ၂၈၅ အုပ်စု၊ ကျေးရွာပေါင်း ၉၃၃ ရွာရှိပြီး ခရိုင်အတွင်း အိမ်ခြေပေါင်း ၁၂၄၅၂၂ အိမ်၊ လူဦးရေ ၆၅၉၈၈၈ ဦး ရှိကြောင်း။

မြောက်ဦးခရိုင်အတွင်း မုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမိုးခံရသည့် ရေတွင်း၊ ရေကန်များမှာ မြောက်ဦးမြို့နယ်တွင် ရေကန် ၂၆၄ ကန်၊ ကျောက်တော်မြို့နယ်တွင် ရေကန် ၃၆၉ ကန်၊ မင်းပြားမြို့နယ်တွင် ရေတွင်း ခြောက်တွင်း၊ ရေကန် ၁၈၉ ကန်၊ ပျက်စီးရေကန် ၁၅ ကန်ဖြစ်ပြီး မြေပုံမြို့နယ်တွင် မရှိပါကြောင်း။

ရေမြုပ်သွားသည့်ရေတွင်း၊ ရေကန်များအား ရေစုပ်ထုတ်ခြင်း၊ ရွှံ့ညွှန်များဖယ်ထုတ်ခြင်းတို့ကို တပ်မတော်၊ ဌာနဆိုင်ရာများနှင့် ပြည်သူတို့ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်ရမည့် ရေကန်များအနေဖြင့် မြောက်ဦးမြို့နယ်တွင် ၁၁၈ ကန်၊ ကျောက်တော်မြို့နယ်တွင် ရေတွင်း၊ ရေကန် ၂၀၀၊ မင်းပြားမြို့နယ်တွင် ရေတွင်း၊ ရေကန် ၆၇ ကန် ပြုပြင်သွားရမည်ဖြစ်ကြောင်း သိရသည်။



ယခု လက်ရှိအခြေအနေတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်နေကြသလို နယ်မြေခံတပ်ရင်းတပ်ဖွဲ့များကလည်း ရေကားများဖြင့် ရပ်ကွက်အလိုက် သောက်သုံးရေ လိုက်လံဖြန့်ဝေပေးနေကြသည်။

စေတနာရှင်အလှူရှင်အဖွဲ့တစ်ဖွဲ့ဖြစ်သော ရခိုင်ပန်းတိမ်ပညာနှင့် လူမှုဘဝ စောင့်ရှောက်ရေးအသင်း (ရန်ကုန်)ကလည်း ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေး၊ ဆန်၊ ဆေးပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံ စုစုပေါင်းငွေကျပ် သိန်း ၆၀၀ ကျော်ဖိုး လာရောက်လှူဒါန်းကြသည်။ လမ်းခရီးတွင်လည်း ရေကြောင်း၊ ကုန်းကြောင်းတို့မှ လာရောက်လှူဒါန်းကြသည့်အဖွဲ့များကို တွေ့မြင်ခဲ့ရသည်။

ကျန်းမာရေး အခြေအနေကို လေ့လာကြည့်မိရာတွင် ဝမ်းပျက်ဝမ်းလျှောမဖြစ်သည်ကို ကြားသိရပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စီစဉ်ပေးထားသည့် ပါရဂူသုံးဦးဦးဆောင်သည့်အဖွဲ့ ရောက်ရှိလာပြီး မင်းပြားမြို့နယ်တွင် ၁၂ ဦး၊ မြောက်ဦးမြို့တွင် ၁၂ ဦး ကွင်းဆင်းကုသပေးလျက်ရှိသည်။ ပြည်နယ်အစိုးရအဖွဲ့ကလည်း ပြည်နယ်ကျန်းမာရေးအဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနေသည့်အတွက် ကျန်းမာရေးအပိုင်းတွင် စိတ်ချရကြောင်း သိရသည်။

**ငွေးအောင်(ကြေးမုံ)**



# ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါး အခက်အခဲဖြစ်ပေါ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၃ ရက်တွင် ဆိပ်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်သို့ အစာ ၅ ဒသမ ၆ တန်၊ ဆေးဝါး ၁၁ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၅၇၉ သန်း၊ ညောင်တုန်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်များသို့ တစ်မြို့နယ်လျှင် အစာ ၄ ဒသမ ၅ တန်စီ၊ ဆေးဝါး ၁၁ မျိုးစီ စုစုပေါင်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၈ သန်း ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ရေဘေးသင့် ဒေသများသို့လည်း အမြန်ဆုံးပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလားတူပင် မြန်မာနိုင်ငံရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုကလည်း ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများ လှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၇၅ နှင့် ၀၉ ၄၉၂၀၈၇၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများ လှူဒါန်း

**ဂန့်ဂေါ ဩဂုတ် ၁၃**

ဂန့်ဂေါမြို့နယ် ပုညဟိတေသီ ဆွမ်းဆန်တော်အဖွဲ့သည် ဩဂုတ် ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ကာရွာ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြသည်။

ပုညဟိတေသီအဖွဲ့သည် ဂန့်ဂေါမြို့ စေတနာရှင်များက လှူဒါန်းသည့် ဆန်အိတ် ၄၀၊ အာလူးအိတ် ၃၀၊ နှမ်းဆီ ပိဿာ ၂၀၊ ပဲဆီဂျပ်ဘာကြီးသုံးဖာ၊ ယံယံခေါက်ဆွဲ ရှစ်ဖာ၊ ဆားနှစ်အိတ်၊ ရေသန့်ဘူးကတ် ၈၀ နှင့် အဝတ်အထည်များကို ကျောက်ကာရွာ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁၀ ရက်က ကလေးမြို့တွင် သီတင်းသုံးသည့် နေသာဆရာတော် ဘဒ္ဒန္တ ဓမ္မိကထံသို့ လည်းကောင်း၊ ဒီဇယ် တစ်ပီပါ၊ ဆန် ၁၀အိတ်၊ နှမ်းဆီပိဿာ ၃၀ နှင့် ကုလားပဲ တစ်အိတ်တို့ကို နန်းဆောင်ပုရွာ ရေဘေးသင့် ပြည်သူများအတွက် နန်းဆောင်ပုရွာ ဆရာတော်ထံသို့ လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများတွင် မျိုးစပါး ၁၄ဂဂ၁ တင်း ဖြန့်ဖြူးပြီး၍ ၇၆၂၇၆ ဧက ပြန်လည်စိုက်ပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ် ၁၅ မြို့နယ်၌ စပါးစိုက်ဧက ၂၁၇၂၄၆ ဧက ပျက်စီးခဲ့သည်။ ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါးတင်းပေါင်း ၂၁၇၂၄၆ တင်း လိုအပ်မည်ဖြစ်သော်လည်း တောင်သူအများစုသည် မိမိလက်ဝယ်တွင်ရှိသော အရန်မျိုးစပါးများဖြင့်လည်း စိုက်ပျိုးသွားကြမည်ဖြစ်သည့်အတွက် အမှန်တကယ်ဖြန့်ဖြူးရမည့်မျိုးမှာ ၆၁၅၈၁ တင်းဖြစ်ရာ ဩဂုတ် ၁၂ ရက်အထိ မျိုးစပါး ၁၄၈၈၁ တင်းကို ဖြန့်ဖြူးပြီးဖြစ်သည်။ ပျက်စီးဧကများအား ပြန်လည်စိုက်ပျိုးမှုတွင် ဩဂုတ် ၁၂ ရက်အထိ ၇၆၂၇၆ ဧကဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ လှေတင်သောင်ကျေးရွာ၊ ထိန်ကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ စာပြုစုကျေးရွာ၊ ဂျုံးဂျုံးကျကျေးရွာများရှိ ရေဘေးသင့်ပြည်သူများသို့ မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဓမ္မောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ် ဆရာတော်ကြီး ဦးဩဘာသနှင့် တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

ယနေ့အထိ လှူဒါန်းရန်ရရှိထားသော ပစ္စည်းနှင့် အလှူရှင်များမှာ ဆန်အိတ် ၁၀၀၊ ခေါက်ဆွဲဖာ၊ ရေသန့်ဘူး၊ အိုင်းမက်(စ်)နှင့် ဂျော်ရန်းဇိုးအထည်တံဆိပ်ပိုင်ရှင် ဒေါ်ဝင်းယုသန်းက ဆန်အိတ် ၄၀၊ ခေါက်ဆွဲအထုပ် ၁၀၀၀၀၊ မြန်မာအမျိုးသားလေကြောင်း မန္တလေးမှ ဆန်အိတ် ၅၀၊ ခေါက်ဆွဲဖာ ၈၀၊ အဝတ်ထုပ်ခြောက်ထုပ်၊ ပူစီကိတ်ပုံးများနှင့် ငွေကျပ် ၂၁ သိန်းတို့ကို ဌာနခွဲမန်နေဂျာ ဦးအောင်မင်းဆွေနှင့် မိသားစုတို့က ဆရာတော်ထံလှူဒါန်းသည်။

လှူဒါန်းလိုသူများအနေဖြင့် ဆရာတော်ဦးဩဘာသ ဖုန်း-၀၁-၆၉၉၇၁၊ ၀၉-၄၂၀၁၅၃၉၆၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ငွေးကြိုင်)**

# ကန်ကြီးထောင့်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ကန်ကြီးထောင့် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ရေဘေးသင့် အိမ်ထောင်စုများထားရှိရာ ကယ်ဆယ်ရေးစခန်းများတွင် ဩဂုတ် ၁၀ ရက်မှစတင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်္ဂလာရာမကျောင်းတိုက်ဝင်းရှိ ရေဘေးကာကွယ် ကူညီစောင့်ရှောက်ရေးကော်မတီရုံးခန်း၌ ဖွင့်လှစ်ထားရှိ စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **ဇင်မာဦး (ပြန်/ဆက်)**

ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ရေးဆက်သွယ်၍ ကတိကဝတ်ပြုလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်တပ်လှေအစင်း ၁၀၀ အား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့လှူဒါန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ထိုင်းနိုင်ငံ ဝပ်ပိချရယတိခရန်ကျောင်းတိုက်မှ ကိုယ်စားလှယ်အဖွဲ့သည် နာဂလိုဏ်ဂူ ကလေးဝဆရာတော်မှ တစ်ဆင့် လှူဒါန်းရန်အတွက် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများကလည်း ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများပေးပို့လှူဒါန်းရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားကြောင်းသိရသည်။

ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးနှင့် အင်ဒိုနီးရှားလူ့အသိုက်အဝန်း၊ အင်ဒိုနီးရှား နိုင်ငံတကာကျောင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားလူသားချင်းစာနာထောက်ထားရေးဖောင်ဒေးရှင်းတို့မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၈၃၀၀ နှင့် ငွေကျပ် ၁၀၆၁၀၀၀ ကို မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် အဆိုပါဒေသဆိုင်ရာ အာဏာပိုင်များထံသို့ သွားရောက်လှူဒါန်းပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသံရုံးမှ သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရေလွှမ်းမိုးမှုခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ ရွှေကျင်မြို့နယ်၊ မဒေါက်မြို့နယ်၊ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့တွင်လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ လေးမျက်နှာမြို့နယ်တို့တွင်လည်းကောင်း ရောဂါကာကွယ်ရေးနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေဘေးသင့်ဒေသများသို့ ကလိုရင်း ရေသန့်စင်ဆေးမှုန့် ၅၀ ကီလိုဂရမ်ပုံး ၂၄၇ ပုံး၊ ဆေးစိမ်ခြင်ထောင်အလုံး ၃၄၃၀၊ ရေသန့် ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပါး ၂၈၈၀၀၊ DHF Test Kit ၃၀၊ အိမ်သာခွက် ၉၂၀၀ တို့ကို ပေးပို့ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံမှ စေတနာရှင်အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၉၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ဘိလပ်မြေများနှင့် အမိုးသွပ်များ တာချီလိတ်တွင် လာရောက်လှူဒါန်း

**တာချီလိတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၉၀၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ဘိလပ်မြေနှင့် အိမ်မိုးသွပ်များအား မြန်မာ-ထိုင်း ချစ်ကြည်ချစ်ရေးတံတားအမှတ်(၁) မှတစ်ဆင့် တာချီလိတ်မြို့သို့ ယနေ့မွန်းလွဲ ၁ နာရီက လာရောက်လှူဒါန်းကြောင်း သိရသည်။



ထိုသို့ ထိုင်းနိုင်ငံမှ စေတနာရှင်အလှူရှင်များ လာရောက်လှူဒါန်းရာတွင် ချစ်ကြည်ရေးတံတားအနီးရှိ ရွှေနန်းတော်ကုန်တိုက်တွင် စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ နှစ်နိုင်ငံနယ်ခြားကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ထိုင်းနိုင်ငံမှ တပ်မတော်အမှတ်(၂) လှုပ်ရှားယန္တရားတပ်မှ ဒုတိယဗျူဟာမှူး ဗိုလ်မှူးကြီး ဆုမ်ယွတ်ထောင်ကောင့်နှင့် မယ်ဆိုင်မြို့ပိုင် မစ္စတာ နိုင်ဆုမ်ချိုင်း ဦးဆောင်သော အလှူရှင် ၇၀ တို့က စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံရှိ ရေဘေးသင့် ပြည်သူများအတွက် လာရောက်လှူဒါန်းရာတွင် ဖယောင်းမြို့နယ် ကုန်သည်များအသင်းက ထိုင်းဘတ် ၃၇၀၀၀၀ တန်ဖိုးရှိ ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲ၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေ ထိုင်းဘတ် ၃၁၈၀၀၊ ချင်းရိုင်းခရိုင်သတင်းဌာန၊ တပ်မတော်အမှတ်(၂) လှုပ်ရှားယန္တရားတပ်နှင့် အလှူရှင်များက ထိုင်းဘတ် ၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ချင်းရိုင်းခရိုင် ဗစ်စီကုန်တိုက်မှ ထိုင်းဘတ် ၂၀၀၀၀ တန်ဖိုးရှိ ငါးသေတ္တာ၊ ဆန်နှင့် စားဆီများ၊ ဖန်မြို့နယ်မှ ထိုင်းဘတ် ၅၀၀၀ တန်ဖိုးရှိဘိလပ်မြေ ၄၂ အိတ်၊ မယ်ဆိုင်မြို့နယ် ဟုန်ဖပလာဇာမှ ထိုင်းဘတ် ၁၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်များ၊ မယ်ဆိုင်မြို့ ကယ်ဆယ်ရေးအဖွဲ့မှ ထိုင်းဘတ် ၂၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ချင်းရိုင်းခရိုင် စီပူးလင်းမှ ထိုင်းဘတ် ၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် မယ်ဆိုင်မြို့ ဆောစမိုင်းလ်ဆောက်လုပ်ရေးကုမ္ပဏီမှ ထိုင်းဘတ် ၁၆၆၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၂၀ နှင့် သွပ်ချပ် ၃၀ စုစုပေါင်း တန်ဖိုး ထိုင်းဘတ် ၅၃၃၄၀၀ ဖြစ်ရာ မြန်မာကျပ်ငွေဖြင့် စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၉၀၅၀၀၀၀ ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ ဒုတိယအကြိမ် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့မည့်ယာဉ်တန်း မူဆယ်မြို့သို့ ရောက်ရှိ

**မူဆယ် ဩဂုတ် ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ယူနန်ပြည်နယ်အစိုးရမှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ဒုတိယအကြိမ် လှူဒါန်းပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်(၁၂)ဘီးယာဉ် ၃၃ စီး ပါဝင်သော ယာဉ်တန်းသည် ယနေ့နံနက် ၆ နာရီခွဲတွင် မူဆယ်မြို့ မန့်ဝိန်း စစ်ဆေးရေးနယ်ခြားဂိတ်သို့ ရောက်ရှိသည်။

အဆိုပါ အဖွဲ့တွင် တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယူနန်ပြည်နယ် နိုင်ငံခြားရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာ ဝူးဝိန်တုန်းဦးစီး၍ အဖွဲ့ဝင် ရှစ်ဦးလိုက်ပါလာပြီး မြန်မာစစ်သံမှူး ဦးအောင်ကျော်ဦးလည်း လိုက်ပါလာကြောင်းနှင့် မူဆယ်ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပစ္စည်းများမှာ ငွေကျပ်သိန်း ၂၈၀၀ တန်ဖိုးရှိ အရန်သင့်နေအိမ် ၁၅၀၊ ငွေကျပ် သိန်း ၇၂၀ တန်ဖိုးရှိ သောက်ရေသန့်ဖာ ၁၀၀၀၀၊ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆိုလာမီးလုံး ၉၁၂ လုံး၊ ငွေကျပ်သိန်း ၃၂၀ တန်ဖိုးရှိ တီရှပ်အထည် ၂၀၀၀၊ ငွေကျပ်သိန်း ၄၄၀ တန်ဖိုးရှိ ဆန်တန်ချိန် ၅၀ နှင့် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ အရေးပေါ် အသက်ကယ်သေတ္တာအလုံး ၁၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၅၁၈၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများဖြစ်ကြောင်း၊ အဆိုပါယာဉ်တန်းတွင် ကုန်တင်(၁၂)ဘီးယာဉ် ၃၃ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးနှင့် အရန်ယာဉ်တစ်စီး စုစုပေါင်း ၃၆ စီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအလှူရှင်များမှ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များက လှူဒါန်းလျက်ရှိရာ Pallet Wrapper Machine Machine 2၊ WAB M/C Wrap Natural- 25um 50 Each၊ WAB Top Sheet-Nat 1680x1680 10 Each၊ ရေသန့် ၇၇ ကတ်၊ အဝတ်အထည် ၂၈ အိတ်/တစ်ဖာ၊ သကၠန်းတစ်ထုပ်၊ ဆန်လေးအိတ်၊ စားသောက်ကုန်+လူသုံးကုန်ပစ္စည်းမျိုးစုံ ၁၇၅ အိတ်/၃၇ ဖာ၊ တီရှပ်အထည် ၃၃၀၀၊ Emergency Box ၂၅၀၊ အမျိုးသမီးဝတ်အထည် ၁၇၃ ထည်၊ ခေါက်ဆွဲခြောက် ၁၁ ဖာ၊ ငါးသေတ္တာ တစ်ဖာ၊ အာဟာရမှုန့် ၁၀ ဖာ၊ အမျိုးသမီးဝတ်အင်္ကျီ(သစ်)/အမျိုးသမီးဝတ်လုံချည်(သစ်) အထည် ၁၀၀၀၊ အမျိုးသားဝတ်အင်္ကျီ(သစ်) အထည် ၁၀၀၀ နှင့် ကလေးအနွေးထည်(သစ်)အထည် ၁၀၀၀ တို့ကို လက်ခံရရှိသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲမှ လှူဒါန်းသောပစ္စည်းများသည် ယနေ့တွင် မန္တလေးတံတားဦးလေဆိပ်သို့ ရောက်ရှိလာရာ ဆန်အိတ် ၇၇၀၊ ပဲ ၂၆၁ အိတ်၊ ဆားအိတ် ၃၇၀၊ ဘီစကွတ် ၃၂၅ ဖာ၊ စားဆီ ၆၁၇ ဖာ၊ မိုးကာစ ၁၀၅ ထုပ်၊ ရွက်ဖျင်တဲဖာ ၁၂၀၊ မိုးကာရွက် ခြောက်ထုပ်၊ မိုးကာစင်းကျား ၄၅ လိပ်၊ ဆပ်ပြာမှုန့်အိတ် ၃၄၀၊ ဆပ်ပြာခဲ ၁၃၄ ဖာ၊ ခြင်ထောင် ၁၅ အိတ်၊ လုံချည်+ပုဆိုးအထုပ် ၂၀၊ အိမ်ရာခင်းစ ၄၂ ထုပ်၊ ဒန်အိုးအလုံး ၁၅၀၀၊ ဒယ်အိုး(အဖုံးပါ)အလုံး ၁၀၀၀၊ ဇလုံအလုံး ၂၅၀၀၊ ချည်အင်္ကျီစို ၁၉ အိတ်၊ အိမ်သုံးဆေးဝါး ၅၄ ဖာ၊ ဆိုလာဓာတ်မီး ၁၈ ဖာ၊ ငါးသေတ္တာ ၂၁၇ ဖာနှင့် ရေမြှုပ်ခြုံစောင် ၃၃ ထုပ်တို့ကို လှူဒါန်းခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လှူမိတ်ဆွေ



# ရေဘေးသင့်ဒေသများသို့ သောက်ရေသန့်နှင့်ကျွဲ၊ နွားအစာများလှူဒါန်း

**ကျောက်ပန်းတောင်း ဩဂုတ် ၁၃**

ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးပရဟိတ လူမှုကူညီရေးအသင်းမှ အသင်းသူ အသင်းသားများသည် ဩဂုတ် ၁၁ ရက်က ရေနံချောင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်ကြား ဘုရားကုန်း ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်ဘူးအကြီး၊ အသေးကတ် ၁၂၀၀ နှင့် ကျွဲ၊ နွားများအတွက် အစာများသွား ရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၂၈၈ စု၊ လူဦးရေ ၇၇၁ ဦး၊ ကျွဲ ၃၀၉ ကောင်နှင့်နွားကောင်ရေ ၆၂၀ ရှိပြီး ကျွဲ၊ နွားများအတွက် အစာလှူဒါန်းမှုနည်းပါးသည့်အတွက် အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်စစ်မှုထမ်းဟောင်း**
**(ကျောက်ပန်းတောင်း)**




ပြည်ထောင်စုအစိုးရအဖွဲ့မှ လှူဒါန်းသော လူငါးဦးပါ မိသားစုတစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၅၀၀၀ ကို နေပြည်တော်မှ ချင်းပြည်နယ် ဟားခါးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့ကြားရှိ ရွာများနှင့် ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များသို့ မော်တော်ယာဉ်ကြီးများဖြင့် ထောက်ပံ့ပို့ဆောင် ပေးနေစဉ်။

(သတင်းစဉ်)

## အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပုဂ္ဂိုလ်များမှ ရေဘေးသင့်ဒေသများအတွက် အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့် ပြည်သူများအတွက် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပုဂ္ဂိုလ်များမှ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ် လှူဒါန်းလျက်ရှိရာ ထိုင်းနိုင်ငံအစိုးရမှ ထိုင်းဘတ်ငါးသန်းနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ တစ်သိန်းကို ဩဂုတ် ၆ ရက်က လည်းကောင်း၊ စင်ကာပူနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာတစ်သိန်းကိုဩဂုတ် ၇ ရက်က လည်းကောင်း၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့မှ ထိုင်းဘတ်ငါးသန်းကို ဩဂုတ် ၁၀ ရက်က လည်းကောင်း မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ငွေစာရင်းအမှတ်သို့ ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ တရုတ်ယွမ် သိန်း ၃၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၀၊ ၁၂ ဘူးပါ ခေါက်ဆွဲဖာ ၁၀၀၀၀၊ နို့မှုန့်ဖာ ၅၀၀၊ မိုးကာတဲ ၁၀၀၀ ကိုလည်းကောင်း၊ ဂျပန်အစိုးရမှ အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ တန်ဖိုးရှိ စောင်အထည် ၆၀၀၀၊ အိပ်ရာလိပ် ၁၀၀၀ နှင့် Plastic Sheet ၉၀ ကို လည်းကောင်း၊ အိန္ဒိယနိုင်ငံအစိုးရမှ ဆန် ၆၃ တန်၊ ခေါက်ဆွဲခြောက်ထုပ် ၂၀၀ ကီလိုဂရမ်၊ ခေါက်ဆွဲခြောက် အထုပ် ၁၀၀၀၀ နှင့် ဆေးဝါး ၅၀၀ ကီလိုဂရမ် တို့ကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ တန်ဖိုးရှိ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများ၊ အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်ဖိုးရှိ ဆန်၊ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ အခြားစားသောက်ကုန်များ၊ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိအရေးပေါ် ဆိုလာမီးအိမ်များကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈ သန်းတန်ဖိုးရှိ ဆေးပစ္စည်းများကိုလည်းကောင်း၊ အစ္စရေးသံအမတ်ကြီးနှင့် ဝန်ထမ်းများက ခေါက်ဆွဲခြောက်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ၊ ခြင်ထောင်များနှင့်ဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့သည်။

ထို့အပြင် အစ္စရေးသံရုံးမှ အမေရိကန်ဒေါ်လာ ၁၄၀၀၀ ကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ တရုတ်ယွမ် သိန်း ၅၀ တန်ဖိုးရှိ ဆန်တန်ချိန် ၄၀၀ နှင့် First Aid Kit ၁၀၀၀ တို့ကိုလည်းကောင်း၊ နယူးဇီလန်နိုင်ငံအစိုးရမှ နယူးဇီလန်ဒေါ်လာငါးသိန်း(အမေရိကန်ဒေါ်လာ ၃၃၀၀၀၀ ခန့်မှန်း)ရှိ ကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း၊ ချက်သမ္မတနိုင်ငံအစိုးရမှ CZK ၂ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ တစ်သိန်းနီးပါး) တန်ဖိုးရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လည်းကောင်း၊ အီတလီနိုင်ငံအစိုးရမှ ယူရိုနှစ်သိန်းခွဲတန်ဖိုးရှိ အထောက်အပံ့များကိုလည်းကောင်း ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း အကြောင်းကြားထားရှိသည်။

ထို့အတူ နော်ဝေအစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းကျော်ကို လည်းကောင်း၊ ကုလသမဂ္ဂ အရေးပေါ် တုံ့ပြန်မှုရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ကိုးသန်းကို လည်းကောင်း၊ အီးယူမှ ယူရိုငွေ ၄ ဒသမ ၅ သန်း(ငွေကျပ် ၆ ဘီလီယံ) ကိုလည်းကောင်း၊ ကနေဒါနိုင်ငံအစိုးရမှ ကနေဒီယံဒေါ်လာ ငါးသိန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိသည်။

အလားတူ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများလည်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသည့် ဒေသများအတွက် အလှူငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကူညီဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံ ပတ်ထရိုးနက်စ် ရေနံကုမ္ပဏီမှ အမေရိကန်ဒေါ်လာ တစ်သိန်းခွဲကို ဩဂုတ် ၇ ရက်က လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘဏ်မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် ဆေးဝါးများကို ဩဂုတ် ၅ရက်နှင့် အမေရိကန်ဒေါ်လာ သုံးသောင်းကို ဩဂုတ် ၆ ရက်က လည်းကောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အမေရိကန်ဒေါ်လာ လေးထောင်ကို ဩဂုတ် ၅ ရက်က လည်းကောင်း၊ ASEAN Women's Circle မှ အမေရိကန်ဒေါ်လာ ၁၅၀၀ ခန့်ကိုလည်းကောင်း၊ ထိုင်းသံအမတ်ကြီးနှင့် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များက အစားအစာ၊ ရေသန့်၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် အလှူငွေများကို ဩဂုတ် ၆ ရက်က လည်းကောင်း၊ အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယအမျိုးသမီးများအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများကို ဩဂုတ် ၇ ရက်က လည်းကောင်း၊ စင်ကာပူကြက်ခြေနီအသင်းမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ အစားအစာများ၊ ခြင်ထောင်များ၊ သောက်ရေသန့်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကို လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းအစီအစဉ်ဖြင့် ဘလူးစကိုင်း ကယ်ဆယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦးသည် ဩဂုတ် ၄ ရက်ကလည်းကောင်း၊ အဖွဲ့ဝင် ၂၂ ဦးသည် ဩဂုတ် ၈ ရက်က လည်းကောင်း ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၈၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၃၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၂၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၄၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၁. ၆၀' |
| ၇။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၈၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၉၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၈၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၄၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၁၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၂၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၁၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၁၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၇၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၂၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၅၅' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀ | ၀. ၆၀' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၁၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၆၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၅၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၈၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၇၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၃၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၂၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၄၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၅၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၀၀' |

(သတင်းစဉ်)


## ကောလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများထပ်မံဖြစ်ပွား

**ကောလင်း ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ မြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ကျော်ဇေယျာ(ရေကျော်)၊ မြောက်အင်း၊ ပြင်ဦးလွင်ရပ်ကွက်တို့နှင့် ကောလင်း-ဥက္ကံလမ်းမကြီးပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ ရေကြီးရေလျှံမှုများကြောင့် ကောလင်းမြို့နယ်အတွင်း လူ၊ တိရစ္ဆာန်များ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ရေကြီး ရေလျှံဖြစ်ပွားမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ဘေးအန္တရာယ်မဖြစ်စေရေးနှင့်သွားလာမှုအဆင်ပြေစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ဝါးရုံးတုံး၊ ကရာကုန်း၊ နန္ဒင်းတော၊ မင်းချမ်း၊ သရက်ခုံ၊ ညောင်ဝန်းအုပ်စုများတွင် ထပ်မံစိုက်ပျိုးထားသော လယ်မြေများရေကြီးနစ်မြုပ်လျက်ရှိသည်။ ယနေ့ ည ၇ နာရီခွဲအထိ ရေများလျော့သွားခြင်းမရှိသောကြောင့် မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်မရှိစေရေး စောင့်ကြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဇူလိုင်လကုန်ခန့်မှစ၍ စိုးရိမ်ရေမှတ်အထက်သို့ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေအမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **(သတင်းစဉ်)**



ရိုးမမြေဆောက်လုပ်ရေးကုမ္ပဏီနှင့် ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြောက်ဦးမြို့နယ်ရှိ ခဲမောင်းတောကျေးရွာသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေဂါးစည်သွတ်ဘူး၊ ရေသန့်ဆေးပြား၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်မုန့်မျိုးစုံတို့ကို လှူဒါန်းစဉ်။

(ဌေးအောင်)

# ရေဘေးဒုက္ခသည်များအတွက် အကူအညီပေးရေးစီမံကိန်းကို ကာတာအခြေစိုက် QRC အဖွဲ့က စတင်ဆောင်ရွက်

**ဒိုဟာ ဩဂုတ် ၁၃**

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးမှုနှင့် မြေပြိုမှုများတွင် ဒုက္ခခံခဲ့ရသော ဒုက္ခသည်များအား အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်တစ်ရပ်ကို ကာတာနိုင်ငံအခြေစိုက် Qatar Red Cresent (QRC) အဖွဲ့က စတင်ဆောင်ရွက်လျက်ရှိသည်။

ကိုမန်ဟု အမည်ရသော ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံအနောက်ပိုင်းဒေသအား ရက်ပေါင်းများစွာ တိုက်ခတ်ခဲ့သည်။ ၎င်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပွားကာ အကျိုးဆက်အနေဖြင့် အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

ရေလွှမ်းမိုးခံရသော ဒေသအများအပြားတွင် ရေများကျဆင်းသွားခြင်းမရှိဘဲ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ထိခိုက်ပျက်စီးခဲ့သည်။ ရက်ပေါင်းများစွာကြာသည်အထိ မိုးများဆက်လက်ရွာသွန်းနိုင်ပြီး ရေကြီးမှုများပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းချက်များအရ သိရသည်။ လယ်ယာမြေဧက လေးသိန်းနီးပါး ရေလွှမ်းမိုးခံခဲ့ရပြီး လယ်ဧကပေါင်း တစ်သိန်းသုံးထောင်ခန့်ပျက်စီးခဲ့ရကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်ကုသမှုပေးနိုင်ရန် QRC အဖွဲ့က အရေးပေါ်ရွေ့လျားဆေးကုဌာနကို ဖွင့်လှစ်ခဲ့သည်။ မိသားစုပေါင်း ၁၆၀၀ အား တာပေါ်လင်စများထုတ်ပေးခဲ့ပြီး အကူအညီပေးရေး အစီအစဉ်များအား ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ QRC အဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလကတည်းက ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခဲ့ပြီး ဒုက္ခသည်လူမှုအသိုင်းအဝိုင်းကို ကယ်ဆယ်ဖို့ ဖွံ့ဖြိုးရေးစီမံကိန်းတွေဆောင်ရွက်ခြင်း စတဲ့ကိစ္စတွေမှာ ကြိုးကြပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု QRC အဖွဲ့၏အတွင်းရေးမှူးချုပ် ကာလတ်သင်အလီအယ်(လ်)မို ဟန်နဒီက ပြောသည်။ **(စိန်ရင်)**

# ရေဘေးသင့်ဒေသများအတွက် ဆန်အရောင်းဆိုင် ၁၉ ဆိုင် ဖွင့်လှစ်သွားမည်

**နေပြည်တော် ဩဂုတ် ၁၃**

ရေဘေးသင့် ဒေသများတွင် ပြည်သူများအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ဆန်အရောင်းဆိုင်များကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသို့ ဖွင့်လှစ်ရာတွင် ရန်ကုန်မြို့တွင် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)၊ ရွှေဝါရောင်ကုမ္ပဏီလီမိတက်၊ ဧရာဟသ်ာကုမ္ပဏီလီမိတက်၊ မြန်မာဆန်စက်ကုမ္ပဏီလီမိတက်၊ မကွေးမြို့တွင် ကုန်စည်ဒိုင်၊ ပွင့်ဖြူမြို့တွင် ကုန်သွယ်လယ်ယာရုံး၊ ပြည်မြို့တွင် ခေတ္တရာဟသ်ာကုမ္ပဏီ၊ ရွှေဘိုမြို့တွင် ဆန်စက်အသင်းရုံး၊ မုံရွာမြို့တွင် ကုန်စည်ဒိုင်၊ မင်းလှမြို့တွင် ရွှေဝါရောင်ဆန်စက်၊ လက်ပံတန်းမြို့တွင် ဝေယံမိုးဆန်စက်၊ နတ်တလင်းမြို့တွင် ရန်ကုန်-ပြည်လမ်း ဗိုလ်ချုပ်ပန်းခြံရှေ့၊ သာယာဝတီမြို့တွင် ကောင်းသုခဆန်စက်၊ မန္တလေးမြို့တွင် ဆန်ကုန်စည်ဒိုင်၊ ဇလွန်မြို့တွင် ဇလွန်ဧရာဆန်စက်၊ ညောင်တုန်းမြို့တွင် စုပေါင်းလယ်ယာဆန်စက်၊ နေပြည်တော်တွင် MAPCO တန် ၂၂၀ ဆန်စက်(ပျဉ်းမနား)၊ စစ်တွေမြို့တွင် ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက် စသည်ဖြင့် မြို့ပေါင်း ၁၅ မြို့တွင် ဆန်အရောင်းဆိုင် ၁၉ ဆိုင်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန်အရောင်းဆိုင်များတွင် အခြေခံစားသောက်ကုန်များကိုပါ ပူးတွဲရောင်းချသွားမည်ဟုလည်း သိရသည်။

**(သတင်းစဉ်)**

# ဖြူးမြို့နယ်တွင် စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်း မိုးစပါးစိုက်ဧက ၈၃၃၇ ဧက ရေနစ်မြုပ်ရာမှ ပြန်ပေါ်

**ဖြူး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာ ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူကြီးများက ၂၀၁၅ ခုနှစ် မိုးစပါးစီမံကိန်းဧက ၁၅၁၂၈၉ ဧက စိုက်ပျိုးခဲ့ကြသည်။ ဇူလိုင်လ ဒုတိယပတ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် စစ်တောင်းမြစ်ရေမြင့်တက်လာပြီး ဖြူးမြို့နယ်တွင် စစ်တောင်းမြစ်အနီးရှိ မိုးစပါးစိုက်ဧက ၉၇၄၇ ဧကတို့မှာ စစ်တောင်းမြစ်ရေလွှမ်းသဖြင့် ရေနစ်မြုပ်ခြင်းခံခဲ့ရသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများမှာ ဇူလိုင် ၂၅ ရက်မှ စတင်၍ ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၆ ရက်တွင် စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းခဲ့သဖြင့် မိုးစပါးစိုက်ဧက ၈၃၃၇ ဧကတို့ ရေနစ်မြုပ်ရာမှ ပြန်လည်ပေါ်ခဲ့ပြီး မိုးစပါး ၁၁၃၇ ဧကသာ ပျက်စီးသွားခဲ့သည်။ ပျက်စီးသွားသော စိုက်ဧကများကို ပိုလျှံသော ပျိုးပင်များဖြင့် တောင်သူများက ချက်ချင်း ပြန်လည်စိုက်ပျိုးလျက်ရှိရာ လိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ပျက်စီးသွားသည့် ကျေးရွာအုပ်စုနှစ်ခုမှာ မြပဲခူးကျေးရွာအုပ်စုမှ လယ်မြေ ၅၄၀ ဧကနှင့် ကင်ပွန်းခြံကျေးရွာအုပ်စုမှ ၅၇၇ဧကတို့ ဖြစ်ကြောင်းသိရသည်။

**(ဖြူးမြင့်ဦး)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ်(၁၃)ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၇၃ | ၃၃၇၀ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၅၃ |
| ၅။ | ချင်းပြည်နယ် | ၄၃၂၁ | ၃၉၂၇ | ၃၉၈၄ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၆၅၀ | ၁၈၁၉၈၃ | ၁၄၁၂၅၇ | ၁၀၁၁၅၄ | ၁၆၁၉၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၂၈၆၅၇၅ | ၁၃၇၂၀၆ | ၅၂၄၈၃ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၆၇၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၀၀၃၀၀ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၉၉၃၆၇ | ၅၂၂၁၈ | ၂၂၅၆၅ | ၅၂၉၀ | ၅၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၆၉၁ | ၁၂၅၇၁ | ၃၂၅၄ | ၂၀၉၇ | ၂၀၂ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၈၈၁၀၆ | ၉၅၃၈၆ | ၇၆၆၇၉ | ၅၅၇၅၅ | ၁၀၄၄ |
| စုစုပေါင်း | | ၁၄၀၆၀၉၆ | ၁၀၆၀၄၀၁ | ၇၇၃၈၈၄ | ၅၁၅၀၃၀ | ၁၂၃၂၉၀ |

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားများ

၁၂-၈-၂၀၁၅ အထိ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | လမ်း(မိုင်/ဖာလုံ) | | | | | | | တံတား(စင်း) | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတ္တရာ | ကွန်ကရစ် | ကျောက် | မြေ | ဂျင်း | ပေါင်း | ကုန်ကျငွေ (ကျပ်သန်း) | တံတား | ရေကျော် | Box Culvert | အခြား | ပေါင်း | ကုန်ကျငွေ (ကျပ်သန်း) | ကုန်ကျငွေ (ကျပ်သန်း) |
| ၁ | ကချင် | | | ၀/၁. ၄၀ | ၀/၄. ၀၀ | ၀/၅. ၅၁ | ၁/၂. ၉၁ | ၂၅. ၅၀၀ | ၄ | | ၁ | | ၅ | ၆၂. ၀၆၈ | ၈၇. ၅၆၈ |
| ၂ | ကယား | | | ၀/၁. ၀၀ | ၀/၆. ၀၀ | | ၀/၇. ၀၀ | ၁၅. ၈၆၀ | ၁ | | | | ၁ | ၀. ၃၀၀ | ၁၆. ၁၆၀ |
| ၃ | ချင်း | | | | ၁၂၁/၄. ၀၀ | | ၁၂၀/၄. ၀၀ | ၇၅၁. ၉၄၇ | ၁၂ | | ၆၃ | | ၇၅ | ၅၂၃. ၈၁၀ | ၁၂၇၅. ၇၅၇ |
| ၄ | စစ်ကိုင်း | ၀/၁. ၀၀ | | ၃၄/၅. ၃၇ | ၄၄/၂. ၀၀ | ၇/၆. ၇၀ | ၈၆/၇. ၁၇ | ၁၄၉၄. ၀၈၃ | ၉၅ | ၂၉ | ၇ | ၂ | ၁၃၃ | ၂၈၇၉. ၉၈၀ | ၄၃၇၄. ၀၆၃ |
| ၅ | တနင်္သာရီ | | | ၀/၃. ၀၀ | ၀/၀. ၅၀ | | ၀/၃. ၅၀ | ၂၇. ၆၅၀ | | | ၈ | | ၈ | ၁၈. ၅၀၀ | ၄၆. ၁၅၀ |
| ၆ | ပဲခူး | ၀/၂. ၁၀ | | ၁၃/၀. ၃၄ | ၂၇/၂. ၁၆ | ၁၈/၇. ၈၆ | ၅၉/၄. ၄၆ | ၁၁၅၁. ၂၆၀ | ၂၉ | ၇ | ၅၂ | | ၈၈ | ၉၁၉. ၃၅၆ | ၂၀၉၀. ၆၁၆ |
| ၇ | မကွေး | | | ၅/၄. ၈၀ | ၆/၀. ၀၀ | ၅/၇. ၄၀ | ၁၇/၄. ၂၀ | ၁၆၄. ၆၀၆ | ၁၇ | ၇ | ၂၈ | | ၅၂ | ၁၆၄. ၈၉၅ | ၅၂၉. ၅၀၁ |
| ၈ | မန္တလေး | ၁/၁. ၆၀ | | ၀/၄. ၄၀ | ၀/၀. ၄၅ | ၁၈/၀. ၈၀ | ၁၉/၇. ၂၅ | ၂၉၂. ၆၅၄ | ၂၃ | ၃ | ၆ | ၁ | ၃၃ | ၄၃၀. ၁၉၂ | ၇၂၂. ၈၄၆ |
| ၉ | မွန် | | | | | | | | ၄ | | | | ၄ | ၂၀၇. ၅၀၀ | ၂၀၇. ၅၀၀ |
| ၁၀ | ရခိုင် | | ၀/၂. ၂၀ | ၁၀/၃. ၉၀ | ၁၁/၁. ၀၀ | ၁/၃. ၅၀ | ၂၃/၂. ၆၀ | ၇၈၀. ၇၄၉ | ၂၇ | | ၃၃ | ၂ | ၆၂ | ၆၉၃. ၄၅၂ | ၁၄၇၄. ၂၀၁ |
| ၁၁ | ရှမ်း | | | ၁၇/၀. ၀၀ | | | ၁၇/၀. ၀၀ | ၂၉၄. ၁၁၇ | ၁၄ | | | | ၁၄ | ၄၉၂. ၈၀၀ | ၇၈၆. ၉၁၇ |
| ၁၂ | ဧရာဝတီ | | | ၁၃/၆. ၁၀ | ၆/၅. ၂၀ | ၁/၀. ၀၀ | ၂၁/၃. ၃၀ | ၂၅၂. ၄၀၅ | ၁၀ | | | ၁ | ၁၁ | ၃၃၂. ၈၂၀ | ၅၈၅. ၂၂၅ |
| | **စုစုပေါင်း** | **၁/၄. ၇၀** | **၀/၂. ၂၀** | **၉၅/၆. ၃၁** | **၂၁၈/၁. ၄၁** | **၅၃/၇. ၇၇** | **၃၆၉/၆. ၃၉** | **၅၂၅၀. ၈၃၁** | **၂၃၆** | **၄၆** | **၁၉၈** | **၆** | **၄၈၆** | **၆၉၅၅. ၆၇၃** | **၁၂၂၀၆. ၅၀၄** |

# ပညာရေးဝန်ကြီးဌာန သဘာဝဘေးဒဏ်သင့် အခြေခံပညာကျောင်းများ၌ စာသင်ခုံလိုအပ်ချက်စာရင်း

(ရခိုင်ပြည်နယ်) (၁၃-၈-၂၀၁၅) ရက်နေ့အထိစာရင်း

| စဉ် | မြို့နယ် | ကျောင်းအမည် | စာရေးခုံ (အမြင့်) | စာရေးခုံ (အနိမ့်) |
|---|---|---|---|---|
| ၁ | ပုဏ္ဏားကျွန်း | အမက-ပဲစိနန်း | | ၂ |
| ၂ | ပုဏ္ဏားကျွန်း | အထက(ခွဲ)-သဲတက် | ၃၀ | ၂၀ |
| ၃ | ပုဏ္ဏားကျွန်း | မူလွန်-လက်ဝဲမြန် | | ၄၀ |
| ၄ | ပုဏ္ဏားကျွန်း | အလက(ခွဲ-ကုလားချောင်း) | | ၂၀ |
| ၅ | ပုဏ္ဏားကျွန်း | အမက-မင်းစီချောင်း | | ၂၅ |
| ၆ | ပုဏ္ဏားကျွန်း | အလက(ခွဲ)-ကျွဲလမ်းချောင်း | ၁၆ | |
| ၇ | ပေါက်တော | မူလွန်-မီးကျောင်းတက် | | ၁၁ |
| ၈ | ပေါက်တော | မူလွန်-မှန်နီပြင် | | ၂၀ |
| ၉ | ရသေ့တောင် | အမက-ဖက်လိပ် | | ၂ |
| ၁၀ | ရသေ့တောင် | အမက-ကျောက်ကုန်ဘုတ် | | ၂ |
| ၁၁ | ရသေ့တောင် | အမက-သဇင်ပိတောက် | | ၂ |
| ၁၂ | ရသေ့တောင် | အမက-အောင်မင်း | | ၁ |
| ၁၃ | မြောက်ဦး | အမက(ခွဲ)-သင်ပန်းကိုင်း | | ၅၀ |
| ၁၄ | မြောက်ဦး | မူလွန်-ကုန်ဘောင် | ၃ | |
| ၁၅ | မြောက်ဦး | အမက-တင်းထိန်ကန် | | ၃၃ |
| ၁၆ | မြောက်ဦး | အမက-ယိုင်သည် | ၅ | ၁၅ |
| ၁၇ | မြောက်ဦး | အလက(ခွဲ)-ကျောင်းတောင် | | ၈၇ |
| ၁၈ | မြောက်ဦး | အမက-ဘောရာဈေး | | ၄ |
| ၁၉ | မြောက်ဦး | မူလွန်-ကုလားချောင်း | | ၁၀ |
| ၂၀ | မြောက်ဦး | အမက-မောင်ညိုကျွန်း | | ၇ |
| ၂၁ | မြောက်ဦး | အမက-တန်းတင် | | ၅ |
| ၂၂ | မြောက်ဦး | အမက-ဆင်အိုးချိုင် | | ၅ |
| ၂၃ | မြောက်ဦး | အမက-လိပ်ဆင်းပြင် | | ၁၄ |
| ၂၄ | မြောက်ဦး | အမက-နတ်ချောင်းရွာသစ် | | ၅ |
| ၂၅ | မြောက်ဦး | အထက-ကျွဲတဲ | ၄၀ | ၂၀ |
| ၂၆ | မြောက်ဦး | အလက(ခွဲ)-ဖြုတ်ချောင်း | | ၈ |
| ၂၇ | မြောက်ဦး | အလက(ခွဲ)-စင်းဘောကိုင်း | ၃၀ | |
| ၂၈ | မြောက်ဦး | အမက-ကျောင်းတောင် | | ၁၅ |
| ၂၉ | မြောက်ဦး | မူလွန်-လေညှင်းသာ | ၁၀ | |
| ၃၀ | မြောက်ဦး | အမက-ထမ္မရဇ် | ၂၀ | |
| ၃၁ | မြောက်ဦး | အမက-တောင်ရပ် | ၁၀ | |
| ၃၂ | မြောက်ဦး | အမက-ငမဲပြင် | | ၃ |
| ၃၃ | မြောက်ဦး | အမက-မောင်သာကုန်း | | ၃ |
| ၃၄ | မြောက်ဦး | အမက-မဟိန်ဂျီ | ၅ | ၃ |
| ၃၅ | မြောက်ဦး | အမက-ပီပင်ကုန်း | ၄ | ၅ |
| ၃၆ | မြောက်ဦး | အမက-ကပိုင်းချောင်း | | ၁၀ |
| ၃၇ | မြောက်ဦး | အမက-မုချာ | | ၅ |
| ၃၈ | မြောက်ဦး | အမက-ကုတိုး | ၅ | ၁၀ |
| ၃၉ | မြောက်ဦး | မူလွန်-လက္ကာ | ၅ | ၆ |
| ၄၀ | မြောက်ဦး | အထက(ခွဲ)-ပျားတဲ | | ၁၀ |
| ၄၁ | မြောက်ဦး | အလက(ခွဲ)-အကြီးတော်မ(၁) | ၄ | |
| ၄၂ | မြောက်ဦး | အမက-ညောင်ပင်လှ | ၂၅ | ၁၅ |
| ၄၃ | မြောက်ဦး | အလက(ခွဲ)-နကန် | ၁၀ | ၁၀ |
| ၄၄ | မြောက်ဦး | အမက(ခွဲ)-သံရှင်ပြင် | ၁၀ | ၂၀ |
| ၄၅ | မြောက်ဦး | မူလွန်-ခွဆုံ | ၅ | |
| ၄၆ | မြောက်ဦး | မူလွန်-တောဘွယ် | ၁ | |
| ၄၇ | မြောက်ဦး | မူလွန်-တောဘွယ် | | ၂ |
| ၄၈ | မြောက်ဦး | အမက-စုပွါ | ၄ | |
| ၄၉ | မြောက်ဦး | မူလွန်-ရွှေကျင်ပြင် | | ၅ |
| ၅၀ | မြောက်ဦး | အမက-မြောင်းဘွေချေ | ၂ | |
| ၅၁ | မြောက်ဦး | အမက-ငခူတောင် | | ၁၀ |
| ၅၂ | မြောက်ဦး | အထက(၁)-မြောက်ဦး | ၂၃ | |
| ၅၃ | မြောက်ဦး | အမက-တန်းပျင်းကြီး | | ၁၀ |
| ၅၄ | မြောက်ဦး | အမက-စေတီကုန်း | | ၁၀ |
| ၅၅ | မြောက်ဦး | အမက-ရွှေထွန်းဖြူ | | ၁၀ |
| ၅၆ | မြောက်ဦး | အမက-မြို့ချောင်း | | ၁၅ |
| ၅၇ | ကျောက်တော် | မူလွန်-ဂုပ္ပိထောင့် | ၁၀ | |
| ၅၈ | ကျောက်တော် | အမက-ပြောင်းဆိပ် | | ၅ |
| ၅၉ | ကျောက်တော် | အလက(ခွဲ)-အုံးပတီး | ၉ | |
| ၆၀ | မင်းပြား | အမက-သလူချောင်း | ၁၀ | |
| ၆၁ | မင်းပြား | အလက(ခွဲ)ပြင်ယောင်း | ၁၀ | ၃၅ |
| ၆၂ | မင်းပြား | မ-ကျွဲတက် | | ၂၅ |
| ၆၃ | မင်းပြား | အမက-ကပ်ပွဲ့ပုလဲတောင် | | ၁၅ |
| ၆၄ | မင်းပြား | အလက(ခွဲ) ကြမ်းတိုက် | | ၂၉ |
| ၆၅ | မင်းပြား | အလက(ခွဲ) ဗလိပေါက် | | ၁၅ |
| ၆၆ | မင်းပြား | အမက-ဈေးဟောင်းရှေ့ | | ၅ |
| ၆၇ | မင်းပြား | အမက-လဟာကျယ် | | ၁၅ |
| ၆၈ | မင်းပြား | အမက-ခေါင်းလောင်းသစ် | | ၅ |
| ၆၉ | မင်းပြား | အမက-လောင်မီး | | ၁၀ |
| ၇၀ | မင်းပြား | အလက(ခွဲ)အသေကာလ | | ၃၀ |
| ၇၁ | မင်းပြား | အမက-ကျွဲနဖားစူး | | ၆ |
| ၇၂ | မင်းပြား | အမက-မော်ရွာ | | ၈ |
| ၇၃ | မင်းပြား | မူလွန်-တောင်တိုက် | | ၅ |
| ၇၄ | မင်းပြား | မူလွန်-ရွှေတမာ | | ၂၀ |
| ၇၅ | မင်းပြား | အမက-ချင်းဆိပ် | | ၅ |
| ၇၆ | မင်းပြား | အမက-စိတ္တရ | | ၁၉ |
| ၇၇ | မင်းပြား | မူလွန်-ပန်ဇင်းမော် | | ၅၁ |
| ၇၈ | မင်းပြား | မူလွန်-ဦးစိုးတင့် | ၂၅ | |
| ၇၉ | မင်းပြား | မူလွန်-ဇီးကိုင်းသစ် | | ၈ |
| ၈၀ | မင်းပြား | အမက-င/တာ | | ၅ |
| ၈၁ | မင်းပြား | အမက-ပြိုင်းချောင်း | | ၂၇ |
| ၈၂ | မင်းပြား | အမက-ငန်းတက် | | ၂၅ |
| ၈၃ | မင်းပြား | အမက-ခွဆုံ(ချင်း) | | ၂၆ |
| ၈၄ | မင်းပြား | မူလွန်-တဲနန်းပြင် | | ၂၀ |
| ၈၅ | မင်းပြား | အမက-စအင်းရွာသစ် | | ၁၃ |
| ၈၆ | မင်းပြား | မူလွန်-ကင်းဆိပ် | ၅ | ၂၀ |
| ၈၇ | မင်းပြား | အမက-ပေါက်တောထိန်ပင် | | ၅ |
| ၈၈ | မင်းပြား | အမက-စက္ကရေ | | ၂၅ |
| ၈၉ | မင်းပြား | အမက-တောင်ပို့ကြီး | | ၁၂ |
| ၉၀ | မင်းပြား | မူလွန်-ဇိုင်ချောင်းပေါက်တော | | ၂၀ |
| ၉၁ | မင်းပြား | မ-အညှင်းတောင် | | ၇ |
| ၉၂ | မင်းပြား | မ-မွန်ချောင်း | | ၁၃ |
| ၉၃ | မင်းပြား | လ-တောင်ရှည်ပြင် | | ၂၀ |
| ၉၄ | မင်းပြား | မူလွန်-ရင်းဘွေ | ၅ | ၃၅ |
| ၉၅ | မင်းပြား | မူလွန်-မြောင်ချောင်း | | ၂၆ |
| ၉၆ | မင်းပြား | မူလွန်-ကုတိုးဆိပ် | | ၃၀ |
| ၉၇ | မင်းပြား | မူလွန်-အဝရွာ | ၇ | |
| ၉၈ | မင်းပြား | မူလွန်-ခွဆုံ(ရခိုင်) | ၂၀ | ၂ |
| ၉၉ | မင်းပြား | မ-သောင်းခုံမော် | | ၂၀ |
| ၁၀၀ | မင်းပြား | မ-ပွင့်ထီး | | ၅ |
| ၁၀၁ | မင်းပြား | မ-နတ်ကံပြင် | | ၅ |
| ၁၀၂ | မင်းပြား | မူလွန်-သစ်ပုတ္တောင် | | ၁၀ |
| ၁၀၃ | မင်းပြား | လ(ခွဲ)အိုင်ဝန်း | | ၁ |
| ၁၀၄ | မင်းပြား | မူလွန်-တောင်ပုက္ကေ(ရခိုင်) | ၁၅ | ၁ |
| ၁၀၅ | မင်းပြား | ထ(ခွဲ)မင်းရွာ | ၄၀ | |
| ၁၀၆ | မင်းပြား | မ-ညွှန်နစ်ခွဆုံ | | ၁၂ |
| ၁၀၇ | မင်းပြား | မူလွန်-အောင်တိုင် | | ၅၁ |
| ၁၀၈ | မင်းပြား | မူလွန်-မြင်းတင်မ | | ၂၂ |
| ၁၀၉ | မင်းပြား | မူလွန်-ဒုံးသား | ၂၀ | |
| ၁၁၀ | မင်းပြား | မူလွန်-ကျွဲကြို | ၂၅ | |
| ၁၁၁ | မင်းပြား | လ(ခွဲ)ကျောက်ခုတ် | ၁၀၀ | |
| ၁၁၂ | မင်းပြား | မ-ဖုံသာခွဆုံ | | ၂၀ |
| ၁၁၃ | မင်းပြား | မ-ပွဲရကံဆိပ် | | ၁၀ |
| ၁၁၄ | မင်းပြား | မ-သဖြူရေမျက် | | ၅ |
| ၁၁၅ | အမ်း | အမက-ဂျိတ်ချောင်း | ၄ | ၄ |
| ၁၁၆ | အမ်း | အမက-သဲကမ်းထောင်း | ၁၆ | ၈ |
| ၁၁၇ | အမ်း | မူလွန်-တိုက်မော် | ၅ | |
| ၁၁၈ | အမ်း | အလက(ခွဲ)-ရွာဟောင်း | ၁၀ | |
| ၁၁၉ | အမ်း | အမက-ဒါးလက်မြောက် | | ၃ |
| ၁၂၀ | အမ်း | အမက-ကွမ်းဝ | | ၅ |
| ၁၂၁ | အမ်း | အမက(ခွဲ)-အမ်းပြ | | ၁၉ |
| ၁၂၂ | အမ်း | ဘက-ခွဆုံ | | ၁၀ |
| ၁၂၃ | အမ်း | အမက-အေးချမ်းကွမ်းဝ | | ၉ |
| ၁၂၄ | အမ်း | မူလွန်-နတ်မော် | | ၃ |
| ၁၂၅ | အမ်း | အမက(ခွဲ)-မော်စွန်း | | ၈ |
| ၁၂၆ | အမ်း | အမက-သင်္ဂနက်အိုင် | | ၃ |
| ၁၂၇ | အမ်း | အမက-ကြော်ဝ | | ၅ |
| ၁၂၈ | အမ်း | အမက-ကွေ့ရှည် | | ၃ |

## မင်္ဂလာဒုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း ဖမ်းဆီးရမိမှုနှင့် ကွင်းဆက်ဖော်ထုတ်ချက်အရ ဒဂုံ(မြောက်)မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ဇူလိုင် ၂၆ ရက်က မင်္ဂလာဒုံမြို့မရဲစခန်းမှ လှည့်ကင်းအဖွဲ့သည် မင်္ဂလာဒုံ စက်မှုဇုန်(ဇေကမ္ဘာဝင်း) အိုးအိမ်(၆)လမ်းသွားလမ်းမပေါ်၌ ယာဉ်အမှတ် 4G/--- KIA BONGO ကွန်တိန်နာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပေါ်၌ 7I/--- မော်တော်ယာဉ်နံပါတ်ပြားနှင့် 1G/--- မော်တော်ယာဉ် နံပါတ်ပြားများကို ရှာဖွေတွေ့ရှိခဲ့ပြီး မင်္ဂလာဒုံစက်မှုဇုန် အမှတ်(၃)လမ်းဆုံ မီးပွိုင့်အနီးတွင် ရပ်ထားသော KIA BONGO အမျိုးအစား ယာဉ်အား 7I/--- ယာဉ်နံပါတ်ဖြင့် ထပ်မံသိမ်းဆည်းရမိသည်။

အဆိုပါယာဉ်များ၏ ယာဉ်ပိုင်ရှင်အမည်ပါလိုင်စာများအား စစ်ဆေးဖော်ထုတ်ခဲ့ရာ ဒဂုံ(မြောက်)မြို့နယ် (၄၃)ရပ်ကွက် ဖွဲ့ကပင်လမ်း အမှတ်(၁၁၁၃) နေအိမ်မှ KALADAN DELTA DEVELOPMENT Co.,Ltd. နှင့် ပတ်သက်သော စာရွက်စာတမ်းများကိုသိမ်းဆည်းရမိခဲ့ပြီး လှမောင်၊ အောင်လင်းနှင့် ပြည့်စိုးတို့မှာ တစ်ဦးတည်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

KALADAN DELTA DEVELOPMENT Co.,Ltd. သည် အမှတ်(၂၂၈) ပဒေသရာဇာလမ်း (၄၁)ရပ်ကွက် ဒဂုံ(မြောက်)မြို့နယ်တွင်ရှိပြီး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် အဖွဲ့ဝင်ဒါရိုက်တာများမှာ မင်းဦးခိုင်၊ ကျော်အေးလှိုင်(ခ)ခိုင်အောင်စိုးနှင့် ဝင်းလှိုင်(ခ) ဦးဝင်းလှိုင်တို့ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ကုမ္ပဏီရုံးချုပ်၊ ကုမ္ပဏီရုံးခွဲနှင့် ၎င်းတို့၏ နေအိမ်များကို ဩဂုတ် ၃ ရက်တွင် ရှာဖွေစစ်ဆေးရာ ၎င်းတို့မှာ နေအိမ်နှင့် ရုံးများအား သော့ပိတ်ထွက်ပြေးတိမ်းရှောင်သွားကြပြီး ကုမ္ပဏီရုံးချုပ်အခန်းတွင်းမှ ဆာလာအိတ် ငါးအိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၇၅၀၀၀(၇ ဒသမ ၅ ဘီလီယံ) ထပ်မံ သိမ်းဆည်းရမိသည်။

KALADAN DELTA DEVELOPMENT Co.,Ltd. မှတွေ့ရှိသော စိတ်ကြွရူးသွပ်ဆေးပြားများ၏ ပြင်ပလက္ခဏာနှင့် ထုပ်ပိုးမှုပုံစံများသည် မင်္ဂလာဒုံတွင် သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများ၏ ပြင်ပလက္ခဏာနှင့် ထုပ်ပိုးမှုပုံစံများနှင့်တူညီကြောင်း တွေ့ရှိရပြီး မင်းဦးခိုင်(၂၉)နှစ်၊ ကျော်အေးလှိုင်(ခ)ခိုင်အောင်စိုး(၃၀)နှစ်၊ ဝင်းလှိုင်(ခ)ဦးဝင်းလှိုင်(၃၃)နှစ်၊ လှမောင်(ခ)အောင်လင်း(ခ)ပြည့်စိုး(၂၆)နှစ်၊ အေးသန်း(၂၆)နှစ်၊ သန်းမြင့်(၃၀)နှစ်၊ ရွှေသီးမောင်(၂၈)နှစ်၊ သန်းထွန်း(၂၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသူများ ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေခြင်းများ၊ ရေဆိပ်၊ လေဆိပ်များနှင့် နယ်စပ် ဝင်/ထွက်ပေါက်များတွင် ရှာဖွေခြင်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သတင်းဖလှယ်စုံစမ်း ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



ဒဂုံ(မြောက်)မြို့နယ်ရှိ KALADAN DELTA DEVELOPMENT CO., Ltd. မှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ဖမ်းဆီးရမိမှု။

# အကြမ်းဖက်ဆန္ဒပြမှုများကြောင့် အရေးပေါ်အခြေအနေ ဆက်လက်သတ်မှတ်ထားသည့် ဖာဂူဆန်မြို့



**ဖာဂူဆန် (မစ်ဆော်ရီ) ဩဂုတ် ၁၃**

ရဲတပ်ဖွဲ့က လက်နက်မဲ့လူမည်းလူငယ်တစ်ဦးကို ပစ်သတ်မှုကြောင့် အကြမ်းဖက်ဆန္ဒပြမှုများ ရံဖန်ရံခါ ဖြစ်ပွားလေ့ရှိသည့် မစ်ဆော်ရီပြည်နယ် ဖာဂူဆန်မြို့ စိန့်လူးဝစ်ဆင်ခြေဖုံးဒေသကို အနည်းဆုံးနောက်ထပ် တစ်ညကြာ အရေးပေါ်အခြေအနေအဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ် ၉ ရက်က ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော အသက်(၁၈)နှစ်အရွယ် လူမည်းဆယ်ကျော်သက် မိုက်ကယ်ဘရောင်း သေဆုံးခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုရန် ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတစ်ရပ်တွင် ပစ်ခတ်မှုတစ်ခု ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၁၁ ရက် ညမှ ဩဂုတ် ၁၂ ရက် နံနက်ထိ ဖြစ်ပွားခဲ့သော ပြည်သူဒါဇင်ပေါင်းများစွာ၏ ဆန္ဒပြမှုတစ်ရပ်အတွင်း မည်သည့်ဖမ်းဆီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုမျှမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ဆန္ဒပြသူများက လမ်းများကို ပိတ်ဆို့ရန် ကြိုးပမ်းခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသော်လည်း အန္တရာယ်ဖြစ်နိုင်မည့်အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကာ အရပ်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၉ ရက် နေ့ညက ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများအတွင်း ၎င်းတို့အား ပစ်ခတ်ခဲ့သည့် အသက် (၁၈) နှစ်အရွယ် တိုင်ရွန်နီဟာရစ်ဆိုသူ လူမည်းဆယ်ကျော်သက်တစ်ဦးကို သေနတ်ဖြင့်ပစ်ကာ ဒဏ်ရာအပြင်းအထန်ရရှိစေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်း၏အောက်ခံဘောင်းဘီအတွင်းမှ ပစ္စတိုတစ်လက် ဆွဲထုတ်နေသော ဟာရစ်ပုံပါရှိသည့် ဗီဒီယိုဖိုင်တစ်ခုကို ဩဂုတ် ၁၁ ရက်တွင် ရဲတပ်ဖွဲ့က ထုတ်ပြန်လိုက်သည်။ ရဲတပ်ဖွဲ့အပေါ် ကိုယ်ထိလက်ရောက်ကျူးလွန် တိုက်ခိုက်မှုစွဲချက်လေးခု၊ လက်နက်ကိုင်ဆောင်မှုစွဲချက်ငါးခုနှင့် ကားတစ်စီးအားပစ်ခတ်မှုစွဲချက်တစ်ခုတို့ဖြင့် ဟာရစ်ကို တရားစွဲဆိုထားပြီး လူမည်းဖြစ်သော ဟာရစ်အတွက် ကတိခံဝန်ချက်ကို အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ သတ်မှတ်ထားသည်။

ဟာရစ်တွင် သေနတ်တစ်လက် ရှိခဲ့သည်ဆိုသည်ကို ၎င်း၏ဖခင်က ငြင်းဆန်ခဲ့သည်။ ဘရောင်းသေဆုံးမှုနှင့် ဘာလ်တီမိုးမြို့အပါအဝင် အခြားဒေသများတွင် ဖြစ်ပွားခဲ့သော အလားတူ ရဲတပ်ဖွဲ့၏ သတ်ဖြတ်မှုများက တစ်နှစ်ကြာ ဆန့်ကျင်ဆန္ဒပြမှုများနှင့် လူမျိုးရေး၊ တရားမျှတရေးနှင့် တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့ အသုံးပြုမှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုတွင် အချေအတင်ပြောစရာများ ဖြစ်လာစေခဲ့သည်။ ဘရောင်းအား ပစ်သတ်ခဲ့သူ ရဲအရာရှိ ဒါရင်းဝီလ်ဆင်သည် ပစ်ခတ်မှုတွင် ဥပဒေချိုးဖောက်မှု မရှိခဲ့ကြောင်း ဂျူရီအဖွဲ့တစ်ဖွဲ့နှင့် တရားရေးဝန်ကြီးဌာနက တွေ့ရှိခဲ့သည်။ တရားရေးဝန်ကြီးဌာန၏ သီးခြားအစီရင်ခံစာတွင် မြို့တော်လူဦးရေ၏ သုံးပုံနှစ်ပုံရှိသော လူမည်းနိုင်ငံသားများ၏ အခွင့်အရေးများကို ဖာဂူဆန်ရဲတပ်ဖွဲ့က ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က တက္ကဆက်ကောလိပ်ဘောလုံးအသင်းမှ အသက် (၁၉) နှစ်အရွယ် လူမည်းကစားသမားတစ်ဦးကို သတ်ဖြတ်ခဲ့သည့် ရဲအရာရှိအား ဩဂုတ် ၁၁ ရက်တွင် အလုပ်မှ ဖြုတ်ပစ်ခဲ့သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံ ထျန်ကျင်းမြို့ရှိ ဆိပ်ကမ်းဧရိယာတွင် ပြင်းထန်သောပေါက်ကွဲမှုများဖြစ်ပွား



**ထျန်ကျင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ထျန်ကျင်းမြို့ စက်မှုနယ်မြေ တစ်နေရာတွင် ပြင်းထန်သောပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ လူ ၄၀ ထက် မနည်းသေဆုံးပြီး လူ ၄၀၀ ခန့် ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းဌာနက ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်အားပြင်းထန်လှသည့် ပေါက်ကွဲမှုများကို ဂြိုဟ်တုဓာတ်ပုံများ၌ပင် တွေ့မြင်ရကြောင်း၊ လူဦးရေ ၁၅ သန်း နေထိုင်ရာ ယင်းမြို့မှ ကီလိုမီတာ အတန်ကွာဝေးသောနေရာရှိ လူနေတိုက်ခန်းများပင် တုန်ခါမှုကို ခံစားသိရှိကြရကြောင်း သတင်းတွင်ဖော်ပြသည်။ ထျန်ကျင်း ပင်လယ်ဆိပ်ကမ်းဧရိယာမှာ ကမ္ဘာပေါ်တွင် ဒသမအကြီးဆုံးဖြစ်သည်။ ယင်းဆိပ်ကမ်း၏ နယ်မြေအများအပြားမှာ ပေါက်ကွဲမှုများကြောင့် ပျက်စီးခဲ့ရသည်။ ပေါက်ကွဲမှုမှာ ပြင်းထန်လွန်းသဖြင့် ကုန်သေတ္တာများပင် ဖရိုဖရဲ ပြိုလဲကျခဲ့ပြီး ဆိပ်ကမ်းလွင်ပြင်၌ ရပ်တန့်ထားသော မော်တော်ကားသစ် ရာပေါင်းများစွာ မီးလောင်ကျွမ်းခံရကာ ဆိပ်ကမ်းအဆောက်အအုံများမှာလည်း ပျက်စီးခဲ့ရသည်။

လေထုအတွင်း မှိုပွင့်သဏ္ဍာန် မီးခိုးတိမ်တိုက်ကြီးတစ်လုံးကို တွေ့ရပြီး မီးတောက်မီးလျှံများ ပေါ်ထွက်လာကြောင်း၊ အနီးအပါးရှိ အဆောက်အအုံများအတွင်းရှိနေသူများ ဘေးလွတ်ရာသို့ ထွက်ပြေးကြရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် ဓာတ်ငွေ့အိုးများ သိုလှောင်ထားရာ စက်မှုနယ်မြေတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခြင်းဖြစ်သည်။ သေဆုံးသူများအနက် မီးသတ်တပ်ဖွဲ့ဝင် ကိုးဦးပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်ရန် သမ္မတ ရှီကျင့်ဖျင်က အာဏာပိုင်များကို ညွှန်ကြားထားသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံရှိ တိရစ္ဆာန်ရုံ၌ ဦးခေါင်းနှစ်လုံးပါမြွေတစ်ကောင် မွေးမြူထား

**နန်နင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း နန်နင်းမြို့ရှိ တိရစ္ဆာန်ရုံတစ်ရုံသည် မကြာသေးမီက ဦးခေါင်းနှစ်လုံးပါမြွေဟောက်တစ်ကောင်အား မွေးစားလိုက်ကြောင်း သိရသည်။ အဆိုပါရှားပါးသတ္တဝါမှာ ၁၅ ရက်ကြာ အသက်ရှင်ခဲ့ပြီးဖြစ်သော်လည်း ၎င်း၏အသက်အား ကယ်တင်ရန် တိရစ္ဆာန်အထူးကုဆရာဝန်များ ပင့်ခေါ်ရန် လိုအပ်မည်ဖြစ်ကြောင်း တိရစ္ဆာန်ရုံက ပြောကြားသည်။

၂၀ စင်တီမီတာ ရှည်လျားသော ယင်းမြွေတွင် ဦးခေါင်းနှစ်လုံးပါရှိသော်လည်း အစာချေစနစ်တစ်ခုသာ ပါရှိသည်။၎င်းအား မြွေမွေးမြူရေးခြံတစ်ခြံတွင် မွေးဖွားပြီး မကြာမီ ပိုမိုကောင်းမွန်စွာ ပြုစုစောင့်ရှောက်နိုင်ရန် တိရစ္ဆာန်ရုံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းမြွေသည် လက်ရှိအချိန်တွင် ၅၀ ဂရမ်မျှသာ အလေးချိန်ရှိပြီး သာမန်မြွေဟောက်တစ်ကောင် ယခုအသက်အရွယ်တွင်ရှိရမည့် အလေးချိန်ထက် ၁၅ ဂရမ်နီးပါး လျော့နည်းနေသည်။ယခုချိန်ထိ ဦးခေါင်းနှစ်လုံးပါရှိသောမြွေ မတွေ့ဖူးကြောင်း ၂၀၀၇ ခုနှစ်ကတည်းက မြွေများကို ပြုစုစောင့်ရှောက်လျက်ရှိသော တိရစ္ဆာန်ရုံဝန်ထမ်း လီကီကျိုက ဆိုသည်။ ဥဖောက်ချိန်ကာလအတွင်း အပူချိန်နှင့် စိုထိုင်းဆအပြောင်းအလဲများက သန္ဓေပြောင်းလဲမှုကို ဖြစ်ပေါ်စေကြောင်း ၎င်းက ပြောကြားသည်။

"မြွေခေါင်းနှစ်ခုမှာ ခေါင်းတစ်လုံးက ညာဘက်လှုပ်ချင်ပြီး အခြားခေါင်းတစ်လုံးက ဘယ်ဘက်လှုပ်ချင်နေပါတယ်။ ဒီလိုမျိုး မကိုက်ညီမှုက အဆက်မပြတ် မြွေကို ထိခိုက်နေပါတယ်"ဟု သူက ဆက်လက်ပြောကြားသည်။ အဆိုပါမြွေမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က ပထမဆုံးအကြိမ်အဖြစ် အရေခွံလဲခဲ့သော်လည်း အစာစားရန် ငြင်းဆန်ခဲ့သည်။

**ဆင်ဟွာ။**



# ဂျပန်ရေးရာ လေ့လာမှုပြုလုပ်နိုင်ရေး သုတေသနဌာန တောင်ကိုရီးယားဖွင့်လှစ်

**ဆိုးလ် ဩဂုတ် ၁၃**

ဂျပန်ရေးရာများအား အလေးအနက်ပြုလေ့လာရန် ရည်ရွယ်လျက် သုတေသနဌာနတစ်ခုကို တောင်ကိုရီးယားနိုင်ငံတွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ကိုရီးယားအမျိုးသား သံတမန်ဆိုင်ရာ အကယ်ဒမီ၌ သုတေသနဌာန ဖွင့်လှစ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။


အဆိုပါ အခမ်းအနားသို့ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယွန်ဗျောင်ဆေးနှင့် တောင်ကိုရီးယားဆိုင်ရာ ဂျပန်သံအမတ်ကြီး ကိုရိုဘက်ရှိုတို့ တက်ရောက်ခဲ့ကြသည်။

ဂျပန်ရေးရာ လေ့လာရေးဌာနဟု အမည်ပေးထားသော သုတေသနဌာနသစ်ကို သံတမန်ဆိုင်ရာ အကယ်ဒမီရှိ အမျိုးသားလုံခြုံရေးနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လေ့လာရေးဌာနအောက်တွင် ထူထောင်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယခုနှစ်သည် တောင်ကိုရီးယားနှင့် ဂျပန် သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ် (၅၀)ပြည့်မြောက်သည့်နှစ်ဖြစ်သကဲ့သို့ ဂျပန်ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိသည့် နှစ် (၇၀) ပြည့်မြောက်သည့်နှစ်လည်း ဖြစ်သည်။

သုတေသနဌာနဖွင့်လှစ်ခြင်းဖြင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနအား ဂျပန်နိုင်ငံဆိုင်ရာ မူဝါဒရေးဆွဲချမှတ်သည့် လုပ်ငန်းတွင် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

**ကျိုဒို။**



## ကျောင်းရှေ့မှ အဆောက်အအုံများ အားဖယ်ရှားပေးရန်လိုလား

**ရန်ကုန် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ် အခြေခံပညာအထက်တန်းကျောင်း ပိုင်မြေ ဧရိယာအတွင်းမှ သက်သာဆိုင်၊ ရန်ပုံငွေဆိုင်၊ လူနေဆိုင်ခန်းများမှာ ကျောင်းဆောင်များရှေ့မှ ပိတ်ကာ ဆောက်လုပ်ထားသော အဆောက်အအုံများကြောင့် ကျောင်းသား ကျောင်းသူလေးများ လေကောင်းလေသန့် မရှူရှိုက်ရသည့်အဖြစ်များကြုံတွေ့နေရ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ဖယ်ရှားဆောင်ရွက်ပေးရန် ကျောင်းသားမိဘများနှင့်ဒေသခံများက လိုလားလျက်ရှိကြောင်း အဆိုပါကျောင်းတွင် တက်ရောက်နေသော ကျောင်းသားများ၏မိဘများက ပြောသည်။

ယခင် အစိုးရလက်ထက်က အဆိုပါ သက်သာဆိုင်၊ ရန်ပုံငွေဆိုင်၊ လူနေဆိုင်ခန်းများအား ဖျက်သိမ်းရန် ဝန်ကြီးဌာနမှ ညွှန်ကြားထားရှိခဲ့ကြောင်း အဆိုပါ ကျောင်းသားမိဘများကပြောသည်။

အဆိုပါ ကျောင်းပိုင်မြေပေါ်တွင် လူနေဆိုင်ခန်းများ ဆက်လက်ရောင်းချနေထိုင်ခွင့်ပြုထားခြင်းကြောင့် ၎င်းလူနေဆိုင်ခန်းများမှ ထွက်ရှိသည့် စားကြွင်းစားကျန် စွန့်ပစ်အမှိုက်မျိုးစုံတို့မှ အနံ့ဆိုးများထွက်ရှိနေခြင်းကို ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်များ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေကြရကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

ထို့အပြင် လူနေဆိုင်ခန်းများ ပိတ်ဆို့တည်ဆောက်ထားခြင်းကြောင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အဟန့်အတားဖြစ်ကာ ရေဝပ်ရေအိုင်များမှတစ်ဆင့် မှက်၊ ခြင်၊ ယင်များပေါက်ပွားကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများအပြင် မလိုလားအပ်သည့်ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားကြရမည်ကို ကျောင်းသားမိဘများက စိုးရိမ်ပူပန်နေကြသည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**

❐

# ညောင်တုန်းမြို့၌ ပိတ်ထားခဲ့သောစာသင်ကျောင်းများပြန်လည်ဖွင့်လှစ်

**ညောင်တုန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လိမ့်မော်ရောင်အဆင့်အန္တရာယ်ရှိ အနေအထားသို့ ဖြစ်ပေါ်လာခဲ့၍ ဩဂုတ် ၃ ရက်မှစတင်ကာ အခြေခံကျောင်းများကို ခေတ္တယာယီ ပိတ်ခဲ့ပြီး ယခုလ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၃ရက် က အခြေခံပညာကျောင်းအချို့ရေကြီးနစ်မြုပ်မှုများ ရှိလာခြင်း၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်လာခြင်း၊ သဘာဝဘေးအန္တရာယ် အခြေအနေများကြောင့် အခြေခံပညာ စာသင်ကျောင်းတချို့ ခေတ္တယာယီ ပိတ်ထားခဲ့ရသည်။

လက်ရှိတွင် ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၁ ရက် နေ့လည်ပိုင်းမှစ၍ အန္တရာယ်ရှိရေမှတ် ၂၄ ဒသမ ၅ အောက်သို့ ကျဆင်းမှုများရှိလာသဖြင့် လိမ့်မော်ရောင် အန္တရာယ်ရှိအနေအထားမှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီမှ ဖျက်သိမ်းလိုက်ကာ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းမှစ၍ ဧရာဝတီမြစ်ရေဝင်ရောက်ပြီး ရေကြီးနစ်မြုပ်ကာလအတွင်း ခေတ္တယာယီ ပိတ်ထားခဲ့သော စာသင်ကျောင်းများအား ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေကြပြီဖြစ်သည်။

"ကျွန်တော်တို့က ကျောင်းသားတွေကို စာသင်ကျောင်းတွေအကြာကြီး ပိတ်မထားချင်ပါဘူး။ ကြာကြာပိတ်ထားရင် ကျောင်းသားတွေက ပြင်ပစိတ်တွေဝင်လာပြီး စိတ်ဓာတ်ပိုင်းတွေ ယိုင်လာနိုင်တယ်။ စာဖက်စိတ်လျော့လာပြီး အသိပညာတွေနည်းပါးလာနိုင်မယ်။ စာတွေနောက်ကျလာပြီး စာသင်ကြားရေးမှာ အခက်အခဲတွေရှိလာနိုင်ပါတယ်"ဟု ညောင်တုန်းမြို့ အ-ထ-က (၂) မှ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးအောင်ချိုဦးက ပြောသည်။

"ချို့နေရာတွေက မြစ်ရေကျသွား ပေမယ့် ကျောင်းသန့်ရှင်းရေးတွေ လောလောဆယ်လုပ်နေရတာရယ်။ သွားရလာရ မလွယ်ကူသေးတာရယ်။ ဒေသရဲ့အခြေအနေတွေကြောင့် ချက်ချင်းကျောင်းပြန်တက်လို့မရသေးတာပါ။ အမြန် စာသင်ကြားရေးလုပ်ငန်းများကို အဓိထား လုပ်ဆောင်နေပါတယ်" ဟု ရေကြီးနစ်မြုပ်နေသောကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦးက ပြောသည်။

ယခုလက်ရှိအနေအထားတွင် ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အန္တရာယ်ရှိ လိမ့်မော်ရောင်အဆင့် အနေအထားများကြောင့် စာသင်ကျောင်းပေါင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း နစ်မြုပ်ရေလွှမ်းမိုးခံခဲ့ရပြီး စိုက်ပျိုးဧက ၉၉၈၈ ရေဖုံးလွှမ်းခြင်းခံခဲ့ရသည်။



ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်းလာပါက ရေနစ်မြုပ်နေသော သွားလာရခက်ခဲသည့် အချို့နေရာများ၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပညာရေးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး အမြန်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရေကြီးနစ်မြုပ်ဒေသများမှ ရေဘေးသင့်ပြည်သူများသည်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။**ထွန်းကျော်(ညောင်တုန်း)**

## ကျွန်းလှမြို့နယ်ရှိကျောင်းသားများအားဆေးဝါးအခမဲ့ကုသပေး

**ကျွန်းလှ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစစ်ဆေးပေးရာတွင် သွားနှင်ခံတွင်း ကျန်းမာရေးဆရာဝန် ဒေါက်တာသရဖီကျော်က မူလတန်း ကျောင်းသား ကျောင်းသူ ၄၂၀ အား သွားနှင့်ခံတွင်း စစ်ဆေးကုသပေးပြီး အလယ်တန်း၊ အထက်တန်းဆေးကုသရန်လိုအပ်သော ကျောင်းသား ကျောင်းသူများကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်မျိုးမင်းမင်းလတ်နှင့်အဖွဲ့ ကသွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါများအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ဖျားနာသူများကို ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**



## ပုသိမ်ခရိုင်အတွင်းရှိမြို့နယ်များတွင် မြစ်ရေများမြင့်တက်လျက်ရှိ

**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဩဂုတ် ၁၀ ရက်က ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် ရေကာတာအပြင်ဘက်တွင် မြစ်ရေ ရှစ်ပေခန့် ဝင်ရောက်လာသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ပိတောက်ပင်ကျေးရွာအုပ်စုရှိ နေအိမ် ၅၂ အိမ်မှ လူဦးရေ ၂၁၂ ဦးအား ပိတောက်ပင် ကျေးရွာ အ-မ-က ကျောင်းသို့ ရွှေ့ပြောင်းနေရာချပေးခဲ့သည်။

ထို့အပြင် ကျွန်းလျားကျေးရွာအုပ်စု၊ ဒါးကဝကျေးရွာမှ နေအိမ် ၄၀ မှ လူဦးရေ ၁၆၈ ဦးအား ဘုန်းတော်ကြီးကျောင်းသို့လည်းပြောင်းရွှေ့ပေးခဲ့ရသည်။

ယင်းအပြင် အိုးဖိုကျေးရွာရှိ နေအိမ် ၂၄ အိမ် မှ လူဦးရေ ၁၁၄ ဦးအား အိုးဖိုကျေးရွာဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ညောင်ချောင်းကျေးရွာရှိ နေအိမ်ခုနစ်အိမ်မှ လူဦးရေ ၃၄ ဦးအား ညောင်ချောင်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ထို့အတူ ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဩဂုတ် ၁၀ ရက် ညနေ ၅နာရီခွဲ အသုတ်ချောင်းရေမြင့်တက်လာမှုကြောင့် အသုတ်ကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်(၄၂/၂)နှင့် (၄၂/၅)ကြား ကားလမ်းအရှည်ပေ ၁၀၀ ခန့်တွင် ရေသုံးလက်မအထိ နစ်မြုပ်လျက်ရှိသည်။

ကြာကန်ကျေးရွာအုပ်စု ဇရပ်ဝိုင်းကျေးရွာအနီး ရေကြည်-ဟင်္သာတလမ်း မိုင်တိုင်အမှတ် (၄၀/၆) နှင့် (၄၀/၇) ကြားပေ ၁၀၀ ခန့်တွင် ရေခြောက်လက်မခန့် ရေမြုပ်လျက်ရှိပြီးပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဩဂုတ် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဒါးကမြစ်ရေ မြင့်တက်လာခြင်းတို့ကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇ စုရှိ အိမ်ထောင်စု ၃၆၂ စု၊ လူဦးရေ ကျား ၄၂၄၃ ဦး၊ မ ၄၂၈၄ ဦး စုစုပေါင်း ၈၅၂၇ ဦး တို့အား ရေလွတ်ရာနေရာများသို့ပြောင်းရွှေ့နေရာ ချထားပေးခဲ့ရကြောင်းသိရသည်။

ယင်းအပြင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဩဂုတ် ၁၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် ငဝန်ကြို့ကုန်းကျေးရွာအုပ်စု ကွင်းစုကျေးရွာတွင် ရေကြီးနစ်မြုပ်မှုကြောင့် ခနိမိုးထရံကာ နေအိမ်တစ်လုံး ပြိုကျပျက်စီးသဖြင့် အဆိုပါနေအိမ်မှ မိသားစု သုံးဦးအား လိုအပ်သောကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **တိုင်းဒေသကြီး( ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့နယ်ရှိ အလှူခံဌာနသို့ အလှူရှင်အဖွဲ့ ၅၀ခန့် လာရောက်လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၁၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ အလှူခံဌာနတွင် အလှူရှင်အဖွဲ့ ၅၀ လာရောက်လှူဒါန်းခဲ့ပြီး အလှူရှင်တို့ ဆန္ဒရှိရာ ရပ်ကွက်၊ ကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်ရန် ဆက်သွယ်သွားလာရေး၊ လုံခြုံရေး စာရင်းဇယားများအား သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တိုက်ရိုက်ချိတ်ဆက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အလှူခံဌာနကို ဩဂုတ် ၉ ရက်မှစ၍ ငါးသိုင်းချောင်းမြို့ ကြို့ဆိုပါ၏ ကုန်းတွင် မြို့ပေါ်ပရဟိတလူမှုရေး အသင်းများနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်းလျက် အမှန်တကယ် အကူအညီလိုအပ်သော ရပ်ကွက်ကျေးရွာများသို့ အလှူရှင်ကိုယ်တိုင် တိုက်ရိုက်ချိတ်ဆက်လှူဒါန်းနိုင်ရန် အလှူခံဌာန ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့နယ်တွင် သာမန်အခြေအနေထက် မြစ်ရေမြင့်တက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော ငဝန်မြစ်ကမ်းတစ်လျှောက် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးရှောင်ပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး အစရှိသည့် လှူဒါန်းမှုများကို မြန်မာနိုင်ငံနေရာအနှံ့အပြားမှ လာရောက်လှူဒါန်းလျက်ရှိသည်။

ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးက "ခုလိုဆောင်ရွက်ပေးတာ အများကြီးအဆင်ပြေပါတယ်။အစစအရာရာအဆင်ပြေအောင်၊ ထိရောက်အောင် သက်ဆိုင်တဲ့ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း လုံခြုံရေးနဲ့ စာရင်းတိကျဖို့ကအစ ကူညီကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း ရှိနေပါတယ်။ ကိုယ်တိုင်သွားရောက် လှူဒါန်းရတဲ့အတွက်လည်း များစွာပီတိဖြစ်ရပါတယ်"ဟု ပြောပြခဲ့သည်။ **စိုးမင်းဦး(ပြန်/ဆက်)**



## နွားထိုးကြီးမြို့နယ်တွင် ရေကန် ၂၀၀ကျော် ရေများလိုအပ်နေ

**နွားထိုးကြီး ဩဂုတ် ၁၃**

နွားထိုးကြီးမြို့နယ်တွင် မိုးရက်ဆက်ရွာသွန်းနေသော်လည်း ဆည်ရေ၊ ကန်ရေ မဝင်ဘဲဖြစ်နေ၍ ကန်၂၀၀ ကျော်မှာ ရေလိုအပ်နေကြောင်း သိရသည်။

အဓိကဆည်ကန် ဖြစ်သော ပြောင်းပြာဆည်၊ ခက်လန်းဆည်၊ ဇီးတောဆည်၊ မြိုင်သာဆည်၊ ကန်နားကန်ကြီးတို့မှာ ရေဝင်ရောက်မှုမရှိ၍ မိုးစပါးအတွက် ရေပေးနိုင်ခြင်းမရှိသည့် အခြေအနေဖြစ်နေကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

နှစ်စဉ် ဆည်ကန်ပြုပြင်ခြင်း၊ ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် ကန်များတူးဖော်ခြင်း၊ တိုင်းဒေသကြီးစီမံချက်ဖြင့် ရှေးဟောင်းကန်၊ အသုံးပြုနေသောကန်များကို အလုံးအရင်းနှင့်ပြုပြင်ပြင်ဆင်နေသော်လည်း ရေဝင်ရောက်ခြင်းမရှိ၍ ဒေသခံများ အခက်တွေ့နေသည်။ **ဒွေးမြင့်မောင်**

***သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)***

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ရွှေနန်းတော်၏ အရှေ့ပိုင်း မင်းခန်းဆောင် (၃၂)၊ မိဖုရားဆောင်(၇၈)၊ အနောက်ပိုင်း မင်းခန်းတော်ဆောင် (၄) စုစုပေါင်း (၁၁၄) ဆောင်ဖြစ်၏။ မြနန်းစံကျော် ရွှေနန်းတော်ကို ၁၉၈၉ ခုနှစ် မှစ၍ ရှေးမူမပျက် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်၏။ အုတ်မြစ်ချပွဲကို ၈-၁၂-၈၉ နေ့တွင် နန်းတော်အုတ်ခုံပေါ်၌ ဆရာတော်၊ သံဃာတော်များအားပင့်၍ ရှေးမူမပျက်ဆောင်ရွက်ခဲ့ကြ၏။ ၁၉၉၂ ခုနှစ် အတွင်း မြေနန်းပြာသာဒ်တော်ကြီး နန်းမြင့်အဆောက်အအုံတို့ကို ဆောက်လုပ်ပြီးစီးခဲ့၏။

ပထမပိုင်းတွင် မြို့ထောင့်ပြာသာဒ်တော်လေးခု၊ မြောက်ဘက်မြို့ရိုးထွက်ပေါက်လေးသိန်းတံခါးနှင့် အရှေ့ဘက် ထွက်ပေါက် ဦးထိပ်တံခါးတို့ကို ပြာသာဒ်ဘုံခုနစ်ဆင့်နှင့် ရှေးမူအတိုင်း ပြန်လည်တည်ဆောက်ခဲ့၏။ ယခင် ရှေးမူ မြို့ရိုးပြာသာဒ်ငယ် ၄၈ ဆောင် ရှိသည့်အနက် စစ်ဘေးစစ်ဒဏ်ကြောင့် ၁၃ ခုသာ ကျန်ရှိခဲ့ရာမှာ ယခုနိုင်ငံတော် အစိုးရ လက်ထက်တွင် ပြာသာဒ်ဆောင် ၃၅ ဆောင်ကို ရှေးမူအတိုင်း ထုလုပ်တည်ဆောက်နိုင်ခဲ့၏။

ရတနာပုံရွှေမြို့တော်မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ရှေးမူမပျက် တည်ဆောက်ပြီးဖြစ်သဖြင့် ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ၁၈-၉-၉၆ ရက်နေ့၊ နံနက် ၉ နာရီ ၃၀ မိနစ်တွင် ကျင်းပနိုင်ခဲ့သည်။ ထို့အတူ ထိုနေ့နံနက်ခင်းတွင် တစ်ပြိုင်တည်းမှာပင် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၊ အမရပူရ ဗားကရာကွေ့ရှိ မဟာဝေယန်ဘုံသာ (ဗားကရာ) သစ်သားကျောင်းတောင်ကြီးတို့ကိုလည်း မင်္ဂလာသဘင်ဆင်ယင်ကျင်းပပြီး အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။

ယခုအခါ မန္တလေး မြနန်းစံကျော်ရွှေနန်းတော်အတွင်း နန်းမြင့်ဆောင် အရှေ့ပိုင်းမင်းခမ်းဆောင်များ၊ အနောက်ပိုင်း မိဖုရားဆောင်များနှင့်အတူ ကြည့်ရှုလေ့လာချင့်စဖွယ် တည်ဆောက်ပြသထားရုံမက အဆောင်အသီးသီးနှင့်လည်း လမ်းညွှန်ဆိုင်းဘုတ် အင်္ဂလိပ်-မြန်မာ စာတန်းထိုး ပြသထားသဖြင့် ပြည်တွင်းပြည်ပ ဧည့်သည်များ၊ လေ့လာသိရှိလိုသူများအဖို့ အဆင်ပြေလျက်ရှိသည်။ ရှေးဟောင်းမှတ်တမ်းများ၊ ထီးသုံးနန်းသုံး ပစ္စည်းများကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်ပြသထားရှိသည်။ ယဉ်ကျေးမှုပြတိုက်မှာ ရွှေနန်းတော်၏ အနောက်လှေကားအတက် အနောက်စမုတ်ဆောင်တွင် ပြသထားရှိသည်။ထီးသုံးနန်းသုံး ရှားပါးရှေးဟောင်းအနုပညာပစ္စည်းများကို လေ့လာကြည့်ရှုနိုင်သည်။

မြန်မာ့ရှေးဟောင်းနန်းတော်ကို ရှေးမူမပျက်ပြန်လည် တည်ဆောက်ပြသထားခြင်းသည် ရှေးဟောင်းနန်းတော် အလွမ်းပြေ ကြည့်ရှုလေ့လာရုံသာမဟုတ် မြန်မာတို့သည် ရှေးပဝေသဏီကစ၍ ဤသို့လျှင် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့အဆောင်အယောင်တွေ မည်မျှကြီးကျယ်ခမ်းနားထည်ဝါစွာ ရှိခဲ့သည်ကိုလည်း ပြသလို၍ ဖြစ်သည်။ ဤသို့သော ရှေးဟောင်းအမွေအနှစ်တွေကို ထိန်းသိမ်းဖော်ထုတ်ခြင်းဖြင့် မြန်မာ့ဇာတိသွေး၊ ဇာတိမာန်တွေ ပေါက်ဖွားစေဖို့ဖြစ်သည်။ ယခုခေတ် ရွှေနန်းတော်ပေါ်တွင် ပြည်တွင်းပြည်ပ လေ့လာကြည့်ရှုသူတွေ နေ့စဉ်မပြတ်ရှိနေသည်။ နန်းမြင့်ပေါ်တက်၍ အပေါ်စီးလည်း ကြည့်ရှုလေ့လာနိုင်သည်။ မင်းတုန်းမင်း မြို့တည်စ ၁၂၁၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက်၊ စနေနေ့ အခါတော်နှင့် တောင်နန်းမြင့်၊ မြောက်နန်းမြင့်၊ တောင်းပန်းခြံ၊ မြောက်ပန်းခြံ၊ တောင်းပန်းခုံ၊ မြောက်ပန်းခုံတို့ အကြီးအကြပ်နှင့် အုတ်မြစ်ချ တည်ဆောက်ခဲ့၏။ သီပေါမင်းလက်ထက်တွင် နန်းမြင့်ကို ပြန်လည်တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ ၁၂၄၆ ခုနှစ်၊ သီတင်းကျွတ်လ ရွှေနန်းတော်ကြီးတောင်စမုတ်တော်ရှေ့တွင် အမြင့်သံတောင် ၇၀ ကျော်ရှိ ခရုပေတ်လှေကားလိမ် နန်းမြင့်ပြာသဒ်တော်ကို ရွှေနန်းတော်မှတာ ၂၄၀၀ အကွာ မဟာမုနိဘုရားအရောက် ဝဲယာနှစ်သွယ် တင့်တယ်စွာ မီးစောင်းတန်း၊ ပန်း၊ ထီး၊ တံခွန်အလှူတော်များ ခင်းကျင်းစီစဉ်၍ ပူဇော်သည်ကို အချိန်မီ ဆောက်လုပ်ခဲ့ရခြင်းဖြစ်သည်ဟု မှတ်တမ်းများ၌ ဖော်ပြထားသည်ကို ဖတ်ရှုသိရှိနိုင်ကြသည်။

**ကျုံး**

ကျုံတော်ကိုလည်း နန်းတော်နှင့်အတူ သက္ကရာဇ် ၁၂၁၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဉ့်သုံးချက်တီးကျော် ၇ ရက်၊ တနင်္လာနေ့အဝင် ၄ နာရီ နှစ်ပါဒ်အချိန် ကျုံးလေးမျက်နှာတို့၌ တစ်ပြိုင်တည်း အုတ်မြစ်ချ လုပ်ဆောင်ကြရ၏။ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်၊ သံအုတ်၊ ကြေးအုတ်၊ ခဲမဖြူအုတ်များကို စီခင်းသည့်အခါတော်မရောက်မီ မင်္ဂလာကျုံးထိပ် ပွဲခံကနားဖျင်းတွင် ပွဲသဘင်စီစဉ်ထားရှိရ၏။ တီးမှုတ်ကခုန်စေရန်ဆိုင်းအုတ် ငမောင်ကလေးနှင့် ပညာသည်စာရေး ငရေးတို့ကို ဆင့်ဆို၍ တီးမှုတ်ကခုန်စေ၏။

ထိုသို့ပြုလုပ်ရာတွင် ရတနာသုံးပါးနှင့် နတ်ကောင်းနတ်မြတ်များအားလည်း ပူဇော်တင်ကြားပသစေ၏။ ကျုံးတော် ရွှေအုတ်၊ ငွေအုတ် စီခင်းသည့်အခါတော်နီးလျှင်အရှေ့၊ အနောက်၊ တောင်၊ မြောက် မတိမ်းမစောင်းစေရ၊ ကြိုးမျဉ်းတံတား မှန်ကန်သေချာအောင် တိုင်းတာမှတ်သားရ၏၊ ရှေးဟောင်းစာတမ်းများနှင့်အညီ တစ်ပြိုင်တည်း စီခင်းလုပ်ဆောင်ရာ တစ်မျက်နှာလျှင် အမှုထမ်းလူ ၆၀၀ ကျ ဆိုင်ရာဆင့်ဆိုရှိ၍ ဆောင်ရွက်ကြသည်။ နန်းတော်မြို့ရိုးမှာ မြို့ရိုးအနားတစ်ဖက်လျှင် တာ ၆၀၀ စီ ဖွဲ့လျက် ကိုက်ပေါင်း ၂၂၁၆ ကိုက်၊ လေးဖက်ပတ်လည် စုစုပေါင်း ၅ မိုင် ၁ ဖာလုံ ရှည်လျား၏။ တစ်မျက်နှာတစ်မိုင် ၂ ဖာလုံကျော်ရှိသည်ဟု ခန့်မှန်းနိုင်၏။ ကျုံးပတ်လည် အရှည်၊ အလျား၊ အနံကိုလည်း ထိုနည်းတွက်ဆရန်ဖြစ်။ တစ်နည်းအားဖြင့် အုတ်မြို့ရိုးပတ်လည် တစ်လျှောက်တွင်ကား မြို့ဥပမာ တာ ၂၀ ကျယ်သော ကျုံးတော်ကြီးဖြင့် နန်းမြို့ရိုး လေးမျက်နှာကို ထုတ်ချင်းခပ်ပတ်ထားသည်ဟု ဆိုရမည်ဖြစ်သည်။ ကျုံးတော်အနက် တစ်ဥသဘ(ခေါ်) တာ ၂၀ အနက်ကျယ်သည်ဟုဆိုသော်လည်း မျက်မြင်အရ ၂၂၅ ပေ ကျယ်၍ ၁၁ ပေခန့်နက်သည်။

ကျုံးတော်ကို ရတနာဒီမြောင်းမှ ရေသွယ်ယူသည်။ ရှေးက ရေသစ်လဲလှယ်ပေးသဖြင့် အမြဲကြည်လင်သန့်ရှင်းသည်ဟု ဆိုလေသည်။ မင်းတရားကြီး မြို့သိမ်းမင်္ဂလာ ဆင်ယင်သောအခါ ကျုံးတော်၌ ရေသဘင်ပွဲပြုလုပ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ရွှေလှေ၊ ရွှေလောင်း၊ ပြည့်ကြီးမွန်ဖောင်တော် လှည့်ပတ်နိုင်သည်။ ကျုံးတော်၌ ရေကင်းမောင်း လှည့်လည်သည့် အစဉ်အလာရှိသည်။ ညဉ့်တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး အခါများ၌ တံခါးစောင့်များက နရည်းဆရားတီး၍ ရေကင်းလှည့်သည်။

ကျုံးသည် နန်းတော်ကို အကာအကွယ်သဘောသက်ရောက်ရုံသာမက မြို့သူမြို့သားများ သောက်ရေ၊ သုံးရေ အတွက်လည်း လွန်စွာအကျိုးပြုသည်။ ကျုံးအမျိုးအစားရေကျုံး၊ ညွှန်ကျုံး၊ အခြောက်ကျုံးဟူ၍ ရှိခဲ့ရာ၌ မန္တလေးကျုံးသည် ရေကျုံးအမျိုးအစားဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## ဂုဏ်ပြုကျေးဇူးတင်လွှာ

၂၀၁၅ခုနှစ်၊ ဩဂုတ် (၁)ရက်နေ့နှင့် (၂)ရက်နေ့များတွင် မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်း၌ ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအဖြစ် အနုပညာရှင်ပေါင်းစုံ (၄)သင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီးအား ကျင်းပခဲ့ပြီး အလှူငွေ ကျပ်သိန်း (၅၀၀) ကောက်ခံရရှိခဲ့ပါသည်။ ထိုသို့အလှူငွေ ကောက်ခံရရှိလာစေရန်အတွက် ပွဲကုန်ကျစရိတ်အားလုံးအပြင် ငွေကျပ် သိန်း(၁၀၀) ထပ်မံလှူဒါန်းခြင်းနှင့် ဆန်အိတ်(၁၀၀)၊ ရေသန့်ဘူး(၁၂၀၀၀)ဘူး၊ အချိုရည်ဘူး ( ၂၂၈၀ )ဘူးတို့အား လှူဒါန်းပေးပါသော Green Circle Co.,Ltd ( Ve Ve အချိုရည် ) မိသားစု နှင့် ဝန်ထမ်းများအားလုံးတို့အား ရေဘေးသင့်ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ထိုအလှူငွေများနှင့် ပစ္စည်းများကို ရခိုင်ပြည်နယ် မင်းပြား ၊ ကျောက်တော် ၊ မြောက်ဦးတို့တွင်လည်းကောင်း ၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့တွင်လည်းကောင်း၊ ရေနံချောင်း၊ ချောက်တို့တွင်လည်းကောင်းအသီးသီး ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။

ဦးဝေမင်းမောင်
ဥက္ကဌ ၊ ( Myanmar Media 7 Co., Ltd.) နှင့်
အနုပညာရှင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အနုပညာရှင်များ

## သာစည်မြို့နယ် စေတီတောင်ကျေးရွာတွင် လက်ဖက်ခြောက်ပြုလုပ်ရောင်းချခြင်းလုပ်ငန်းတွင်ကျယ်



**မိတ္ထီလာ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု စေတီတောင်ကျေးရွာတွင် လက်ဖက်ခြောက်ပြုလုပ်ရောင်းချခြင်းလုပ်ငန်း တွင်ကျယ်၍ ကျေးရွာဒေသခံများက အားထားလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

"နေ့စဉ် စားဝတ်နေရေး ပြေလည်ဖို့အတွက် လက်ဖက်ကို စိုက်ပျိုးပြီး လက်ဖက်ခြောက်ပြုလုပ်ရောင်းချကြတယ်။ စေတီတောင်ကျေးရွာမှာ လက်ဖက်ပင်မှ လက်ဖက်ရွက်ကို နယုန်လဆန်းကနေ တန်ခူးလအထိခူးဆွတ်ရတယ်။ လက်ဖက်ခူးသူတွေကလည်း ကျေးရွာဒေသခံတွေပဲဖြစ်ပြီး (လက်စား) သူ့လက်ဖက်ခင်းကိုယ်ခူးပေး၊ ကိုယ့်လက်ဖက်ခင်းသူခူးပေး အဲလိုစုပေါင်းခူးဆွတ်တာမို့ လုပ်သားစရိတ်ကုန်ကျတာမျိုးတော့မရှိဘူး။

လက်ဖက်ခြောက်ပြုလုပ်ပြီးတော့ တစ်ပိဿာကျပ် ၂၀၀၀၊ ကျပ် ၄၀၀၀ အထိရောင်းချရတယ်။ သာစည်၊ မိတ္ထီလာ၊ ကလော၊ အောင်ပန်း၊ တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးတွေဆီကို တင်ပို့ရောင်းချကြတယ်။

နောက်ပြီး လက်ဖက်ခြောက်လုပ်ငန်းအပြင် အခြား လိမ္မော်၊ နန္တင်း၊ ကြက်သွန်ဖြူ သီးနှံတွေလည်း စိုက်ပျိုးကြပါတယ်" ဟု စေတီတောင်ကျေးရွာဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

စေတီတောင်ကျေးရွာသည် သာစည်မြို့နယ်အတွင်း ပါဝင်သော်လည်း ကလောမြို့နယ်နှင့် နီးကပ်ပြီး တောင်ပေါ်ဒေသကျေးရွာဖြစ်ကာ ရှမ်းတိုင်းရင်းသား ပလောင်လူမျိုးများသာ နေထိုင်သောကျေးရွာဖြစ်၍ ပလောင်ရွာဟုသာ ကျေးရွာသို့ လာရောက်လေ့လာသူ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များက မှတ်သားလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ဆန်စပါးအသင်းချုပ်မှ ဆန်ဆိုင်များဖွင့်

**မန္တလေး ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကြီးမှူး၍ ရေဘေးသင့်ပြည်သူများသို့ လူမှုရေးအသင်းအဖွဲ့များက ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလှူဒါန်းနိုင်ရန် ရည်ရွယ်၍ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် ခရိုင်မြို့ကြီးများတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဆန်လက်လီလက်ကားအရောက်ဆိုင် ၁၉ ဆိုင်ဖွင့်လှစ်၍ ပြည်သူများသို့ ဆန်များရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မန္တလေးဆန်စပါးကုန်စည်ဒိုင်တို့ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဆန်လက်လီ လက်ကားအရောင်းဆိုင်ကိုဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၃၄)လမ်းနှင့်(၃၅) လမ်းကြား၊ (၈၆)လမ်းနှင့်(၈၇)လမ်းကြား အောင်နန်းအနောက်ရပ်ကွက် ဆန်စပါးကုန်စည်ဒိုင်တွင် ကျင်းပခဲ့သည်။

အဆိုပါကျင်းပရာသို့ မန္တလေးမြို့ရှိ ဆန်ရောင်းဝယ်သူ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးချမ်းသာဦးက အရောင်းဆိုင်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ မန္တလေးဆန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရေးအတွက်ဆန်မျိုးစုံတစ်နေရာတည်းတွင် ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးမည့် အစီအစဉ်များကို ရှင်းရှင်းပြောကြားသည်။

ဆန်စပါးအသင်းချုပ်မှ ဆန်အိတ်သုံးသောင်းကျော်အား မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသို့ ရောင်းချပေးရာ ပေါ်ဆန်းမွှေးအိုးဝင် ပိဿာ ၃၀ ပါ တစ်အိတ် ကျပ် ၃၃၀၀၀၊ ဧရာမင်းအိုးဝင် ပိဿာ ၃၀ ဝင်တစ်အိတ် ကျပ် ၃၃၀၀၀၊ ဆင်သွယ်ရင်အိုးဝင် ၃၀ ဒသမ ၇၅ ပိဿာဝင် တစ်အိတ်ကျပ် ၂၂၅၀၀၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်သန့် ၃၀ ပိဿာဝင် တစ်အိတ် ၂၄၀၀၀၊ ငစိန်တစ်အိတ် ကျပ် ၂၁၀၀၀၊ ၇၄၇ တစ်အိတ် ကျပ် ၂၁၅၀၀ ဖြင့် ရောင်းချပေးလျက်ရှိပြီး လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကနီမြို့ရေဘေးသင့်ကိုယ်ဝန်ဆောင် များအား ထောက်ပံ့ရေးပစ္စည်းများပေး

**ကနီ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ချင်းတွင်းမြစ် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ကနီမြို့ပေါ် ရပ်ကွက်နှစ်ရပ်ကွက်မှ အိမ်ထောင်စု ၅၇၂ စုတွင် မြစ်ရေများဝင်ရောက်ခဲ့ရာ အဆိုပါအိမ်ထောင်စုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က ကနီမြို့ ဓမ္မပါသာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၏ဇနီး ဒေါ်အေးအေးနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးဆောင်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့မှ ကနီမြို့နယ်အတွင်းရှိရေဝင်ရောက်သည့် ကျောင်းများ သန့်ရှင်းရေးဆောင်ရွက်နိုင်ရန် ကျပ်တစ်သိန်းစီ လှူဒါန်းပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့များမှ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား တစ်ဦးလျှင် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ကြက်ဥ၊ ငါးသေတ္တာ၊ ကွေကာအုပ်နှင့် ကိုယ်ဝန်ဆောင်မိခင်သုံး ပစ္စည်းများပေးအပ်ပြီး ရပ်ကွက်များမှ အိမ်ထောင်စု ၅၇၂ အိမ်ထောင်တို့အား ဆန်၊ ဆီနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၂ ရွာ ထပ်မံတိုးချဲ့အကောင်အထည်ဖော်

**မိတ္ထီလာ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာငါးရွာကို ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်ရေးကော်မတီများနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ကျေးရွာလူထု၏ ဆန္ဒနှင့်အညီ ဖွဲ့စည်းပေးပြီး ငွေကျပ်သိန်း ၁၅၀၀ ကို မတည်ပေး၍ လည်ပတ်သုံးစွဲခဲ့ရာ အရင်းနှင့်အတိုးများရရှိကာ စီမံကိန်းဝင်ကျေးရွာတိုင်း မတည်ငွေများ တိုးပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ တိုးပွားနေသောကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၆၀၀ ကို နိုင်ငံတော်မှ မတည်ပေးပြီး ခင်းလူး၊ ရေငံ(အနောက်)၊ လှည်းပွဲ၊ သဖန်းပင်ရိုး၊ လူခင်းကြီး၊ ဆပ်ပြာကျင်း၊ ညောင်ကားယား၊ တည်ပင်တဲ၊ ဂွေးတောက်ကုန်း၊ ဝါးသုံးတော၊ ညောင်ကုန်းကျေးရွာနှင့် နတ်ကြီးကုန်းကျေးရွာ ၁၂ ရွာများကို ထပ်မံတိုးချဲ့ခဲ့သည်။

ယင်းသို့ ကျေးရွာအလိုက် စီမံကိန်းကျေးရွာတစ်ရွာလျှင် အရင်းမပျောက် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ဘဏ်အကောင့်များဖွင့်လှစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး စီမံကိန်းရန်ပုံငွေ ကြီးကြပ်ရေးကော်မတီများနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများမှ တာဝန်ယူ၍ ကျေးရွာရန်ပုံငွေများ လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးဇော်မြင့်က ပြောခဲ့သည်။



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ဆင်းရဲမှုလျှော့ချရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာများကို ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆင်းရဲသောကျေးရွာ၊ မွေးမြူရေးနှင့်စိုက်ပျိုးရေး အကောင်အထည် ဖော်ဆောင်နိုင်မှု ကျေးရွာပြည်သူများ၏ စိတ်အားထက်သန်မှု၊ ပညာရေးမြင့်မားမှုကို လိုလားအားပေးမှုနှင့် ကျန်းမာသန့်ရှင်းမှုဆိုင်ရာများ ဆောင်ရွက်နိုင်မှုစသည့်အချက်များနှင့် ကိုက်ညီသည့် ကျေးရွာများကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ မတည်ထူထောင်ပေးလျက်ရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## (၇)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးယဉ်ပါးတီဘီအကြံပေး ကော်မတီအစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

(၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဒေသဆိုင်ရာဆေးယဉ်ပါးတီဘီ အကြံပေးကော်မတီအစည်းအဝေးဖွင့်ပွဲကို ဩဂုတ် ၁၁ ရက်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီဝင် ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများက အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များ၊ (၆) ကြိမ်မြောက် ဆေးယဉ်ပါး တီဘီရောဂါတိုက်ဖျက်ရေး အကြံပေးကော်မတီအစီရင်ခံစာကို အတည်ပြုခြင်း၊ ကွင်းဆင်းတွေ့ရှိချက်များကို ဆွေးနွေးခြင်း၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ဆေးယဉ်ပါးတီဘီတိုက်ဖျက်ရေးနှင့် ပတ်သက်သောစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သောဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံများ၏ ဆေးယဉ်ပါးတီဘီတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆန်းစစ်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆန်းစစ်သည့်အစီရင်ခံစာအပေါ် ဆွေးနွေးခြင်း၊ ဧပြီလတွင် ပြုလုပ်ခဲ့သော GLI/GDI အစည်းအဝေးများ၏ အစီရင်ခံစာအပေါ် တင်ပြခြင်း၊ တီဘီဆေးအသစ်များနှင့် MDR-TB ကုထုံးအသစ်နှင့် ပတ်သက်၍ ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်သည့်စနစ်အား တင်ပြခြင်းနှင့် လူတိုင်းဆေးယဉ်ပါး တီဘီကုသရေးဌာနများသို့ လက်လှမ်းမီစေရေး၊ ဆေးယဉ်ပါးတီဘီရောဂါကုသမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်ပံ့ပိုးပေးမှုများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သဟပုညကာရီရှင်ရေး ကူညီမှုမှ ရေဘေးသင့် များအားလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက် သဟပုညကာရီရှင်ရေး ကူညီမှုအသင်းမှ မအူပင်ခရိုင် ပန်းတနော်မြို့နယ်ရှိ မြဘုံသာကျောင်းတိုက်ဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၁၁၊ လူဦးရေ ၄၈၂ ဦးတို့အား စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ရေဘေးသင့်များသို့ ဆန် ၆၆ အိတ်နှင့် ယံယံခေါက်ဆွဲ၊ ကြာဇံ၊ စားဆီ၊ ရေသန့်၊ အာလူးကျော်၊ သင်ဖြူးဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိုးခွက်၊ ပန်းကန်၊ အဝတ်အထည်၊ အိတ်ပေါင်း ၁၀၈ အိတ်အပါအဝင်လူသုံးကုန်ပစ္စည်းမျိုးစုံ အားစုစုပေါင်းတန်ဖိုးငွေ သိန်း ၃၀ ခန့်ကို သဟပုညကာရီ ရှင်ရေးကူညီမှုအဖွဲ့သားများနှင့် အလှူရှင်များစုပေါင်းလှူဒါန်းခဲ့သည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများမှ ရေကြီးရေလျှံမှုခံစားရသည့် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးများကိုဆက်လက်လှူဒါန်းထောက်ပံ့သွားမည်ဖြစ်သည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**အခန်း-၁၃**

**မာန်**

နောက်တစ်နေ့ နံနက်စောစောမှစ၍ မလေးနွယ်တို့၏ ခြံတွင်းဝယ် အလှူပွဲလာဧည့်ပရိသတ်၊ ပင့်သံဃာ အရှင်သူမြတ်များ၊ ဝိုင်းလုပ်ဝိုင်းကိုင် ဝေယျာဝစ္စပြုသူများနှင့် စည်ကားသိုက်မြိုက်နေသည်။

သို့ရာတွင် ရေနံချောင်း တစ်မြို့လုံးက ပိုမိုစည်ကားသိုက်မြိုက်နေသည်။စည်ကားသိုက်မြိုက်ရုံမက အုတ်အုတ် ကျက်ကျက်နှင့် သောင်းသောင်းညံအောင် ရှိနေသည်။ အကြောင်းမှာ ချောက်မြို့မှ ချီတက်ခဲ့သော ရေနံသပိတ်တပ်ကြီးသည် ရေနံချောင်းမြို့သို့ ဆိုက်ရောက်ခဲ့ပြီးပြီဖြစ်သောကြောင့်တည်း။

မလေးနွယ်တို့ အိမ်မှအလှူသို့ မြို့ပေါ်မှကြေးရတတ် မိတ်ဆွေများ၊ တွင်းရိုးတွင်းစား အနွယ်များ၊ အရာရှိ အရာခံများ စုံစုံလင်လင်လာရောက်ကြသည်။ သို့တိုင်အောင် မိမိ အုပ်ချုပ်ကြီးမှူးသော လက်တွင်းများမှ အလုပ်သမား တော်တော်များများကား အလှူသို့ ပေါ်မလာသောကြောင့် မလေးနွယ်၏ ထွေးကြီး အပျိုကြီးမမမှာ စိတ်မကျေမနပ် ဖြစ်နေသည်။ ခါတိုင်း အလှူရှိ၍ အစားကောင်း အသောက်ကောင်း စားရမည်ဆိုလျှင် သင်းရိုတွေသည် လင်ရော၊ မယားရော၊ သားရော၊ သမီးရော. . . မြေး မြစ်ပါမကျန် တစ်ဆွေလုံး တစ်မျိုးလုံး စုရုံးရောက် ရှိလာတတ်ကြသည်။ ယနေ့မှ ဘာဖြစ်ကြရလေသနည်း။

အရာရှိ အရာခံ ယောကျ်ားများကလည်း ဝတ္တရားကျေအောင် ရောက်လာခဲ့ကြလင့်ကစား တရားနာပြီးသည် အထိ မစောင့်ကြဘဲ ကတော်များနှင့် သားသမီးများကိုသာ ချန်ရစ်၍ ပြန်သွားကြသည်။ အပျိုကြီးမမ၏ မျက်နှာကား မသာယာလှ။ ကုသိုလ်ပြုသော အလှူနေ့ဖြစ်၍သာ နှုတ်စောင့်စည်းလျက်ကျွေလည်း သိပ်သည်းနေရ၏။

မွန်းမတိမ်းမီ သံဃာတော်များကို ဆွမ်းကပ်အပြီး၌ ဦးထင်ကျော်သည် ကားဖြင့် ကတိုက်ကရိုက်ကြီး မကွေးသို့ ပြန်ပြေး၏။

ခါတိုင်းဆိုလျှင် ကလေးတို့ သဘာဝဖြင့် မလေးနွယ်သည် အလှူကို ပျော်ပျော်ရွှင်ရွှင်ကြီး ကြိုဆိုသကဲ့သို့ ပျော်ပျော်ရွှင်ရွှင်ကြီး နေကုန်ပစ်လိုက်ရုံဖြစ်သည်။ ယနေ့ တစ်နေ့တွင်မူ မလေးနွယ်မပျော်ရွှင်။ မပျော်ရွှင်ရုံမက သူ့စိတ်ကလေးသည် သူကိုယ်တိုင် မသိဘဲလျက် လေးလေးညို့ညို့ ဖြစ်နေသည်။

ညက အဖြစ်သည် မလေးနွယ်ကို တုန်လှုပ်ချောက်ချားစေခဲ့သည်။

မေမေလည်း ရှိပြီး ဖေဖေပါ ရောက်နေခိုက် ဖြစ်သောကြောင့်သော ထွေးကြီး၏ အရိုက်အနှက် မခံရကြောင်းကို မလေးနွယ်သိသည်။

သို့ရာတွင် ထွေးကြီးမျက်နှာကို မလေးနွယ် မကြည့်ဝံ့တော့၊ ထွေးကြီးကလည်း မလေးနွယ်ကို မြင်တိုင်း မျက်နှာတင်းတင်းထားပြပြီး အခဲမကျေသေးကြောင်း အရိပ်ပြနေခဲ့၏။

မလေးနွယ် ခံစားနေရပုံမှာ စီရင်ချက် မကျသေးသော အပြစ်ကျူးလွန်မိသူတစ်ဦး၏ ခံစားနေရပုံမျိုးသာတကား။

မလေးနွယ်သည် ကြောက်လွန်းလှသည်တော့ မဟုတ်။ မေမေက ရှိနေသေးသည်။ သူ မန္တလေးကျောင်းသို့ မပြန်မီ အထိ မေမေရှိနေဦးမည်။ မေမေ ရှိနေသရွေ့တော့ မလေးနွယ်သည် မကြောက်ပါ။ ဘာကိုမျှ မကြောက်ပါ။

မလေးနွယ် စိတ်ထင့်နေသည်ကား ဒေါ်လေးသက်သက်၏ အကြော်ဖိုသို့သွားခွင့်မရှိတော့မှာကိုသာတည်း။ အမှန်မှာလည်း သွားခွင့်မရှိတော့မည်မှာ သေချာနေ၏။ သူတို့က သေခန်းဖြတ်ထားသည်ဆိုတာ ဒေါ်လေး သက်သက်တို့ဆီ မိမိ သွားမည်ကို သူတို့က ဘယ်နည်းနှင့်မျှ ခွင့်ပြုကြတော့မည် မဟုတ်။ မေမေပင် ခွင့်ပြုလိမ့်မည်ဟု မလေးနွယ် မထင်. . . မထင်. . ။

သူတို့က ခွင့်မပြုသည်တိုင်စေ မလေးနွယ်က ခိုးသွားနိုင်သည်။ ခိုးသွားနည်းတော့ မလေးနွယ်က တစ်နည်းမဟုတ် တစ်နည်းတွေးရမည်ဟုယုံကြည်သည်။ ဦးလေးကိုချစ်တိုး၏ ကားနှင့် မသွားရလျှင် သူ့စက်ဘီးလေးနှင့် သွားမည်။ အကြော်ဖိုဆီမသွား။ ဒေါ်လေးသက်သက်တို့ နေသော ဘေးမဲ့အလုပ်သမား တန်းလျားတွေဆီ သွားမည်။ သူတို့က မေးလျှင်မူ တွင်းကြီးစုကို သွားမည်ဟု ပြောမည်။ ပင်းချောင်းဆီကိုမူ မောင်လေးနှင့်အတူ သွားနိုင်တော့မည် မဟုတ်။ မလေးနွယ် အစိုးရိမ်ဆုံးကား ဒေါ်လေးသက်သက်သည် သူ့ကိုလက်ခံပါဦးတော့မည်လော. . .။ ဒေါ်လေးသက်သက် မကြိုက်ဆုံးအလုပ်ကို မိလေးနွယ် လုပ်မိခဲ့ပြီးပြီ မဟုတ်ပါလော။

မလေးနွယ်သည် တစ်မနက်နှင့် တစ်နေ့ခင်းလုံး စိတ်ကလေး လေးလေးညို့ညို့နှင့် အချိန်ကုန်ခဲ့ရသည်။

မွန်းလွဲ၍ လူပရိသတ်များ စားသောက် ပြီးစီးသောအခါ သီလယူခြင်းကစ၍ တရားနာခြင်းအမှုကို လူကြီးတို့ ပြုကြသည်။ ထိုအခါ ကလေးတို့လွတ်လပ်ခွင့်ရကြသည်။

မလေးနွယ်သည် အခြားကလေးများနှင့်အတူ ခြံတွင်းဝယ် ကိုယ်ယောင်ပြ ကစားနေသည်။ ဆရာတော်ဦး ဝိမလ တရားစဟောသည်အထိ မလေးနွယ်က ခြံတွင်း၌နေသည်။ မေမေနှင့် အန်တီမြင်အောင်လည်း အလှူမဏ္ဍပ်အနီး တဝေ့ဝေ့ လုပ်ပြ၏။

တရားနာပရိသတ်၏ ရှေ့ဆုံးတွင် ဦးတင်သော်၊ သူ့ဇနီး၊ အန်တီနှင့် မေမေတို့ ရှိနေကြ၏။

အန်တီက ရေစက်ခွက် ရှေ့ထား၍ အလယ်ဗဟိုကျကျ၌ ကွေးကွေးကုန်းကုန်းလေး ထိုင်နေသည်။ ဘွားဘွား ကိုယ်စား အလှူရှင်အဖြစ် ရေစက်ချမည် ဖြစ်သောကြောင့် အန်တီသည် ရေစက်ခွက် ရှေ့ထားပြီး အလယ်ဗဟို ကျကျ၌ ထိုင်နေခြင်းဖြစ်၏။

အန်တီသည် ကျန်အချိန်များ၌ မည်မျှ ဒေါသကြီး၍ မည်မျှ ခက်ထန်သည်ဖြစ်စေ. . . သံဃာတော်များ ရှေ့မှောက်တွင် အလွန်သိမ်မွေ့နူးညံ့ပြတတ်၏။ လက်အုပ်ချီခေါင်းငုံ့ထားရာမှ ပုံစံမပျက်၊ ချထားသော မျက်လွှာ ကလည်းမပင့်၊ မရွေ့။ အန်တီသည် ရတနာသုံးပါးကို အလွန်ရိုသေသည်။

ဦးတင်သော်၏ဇနီးကသာ တစ်ချိန် တစ်ချီတွင် ဟိုကြည့် သည်ကြည့်လုပ်သည်။ တစ်ချီ တစ်ချီတွင် ညာဘက်လက်ဖျံ ထိပ်၌ ပတ်ရစ်ထားသောဆင်စွယ်ပုတီး လျှော့ကျလာသည်ကို နေသားတကျ ဖြစ်အောင်ပြုလုပ်ဟန်နှင့် ထိုလက်ကို လှုပ်ယမ်းခါတတ်သည်။ တစ်ချီ တစ်ချီအလစ် အလစ်တွင်မူ အပေါ်သို့ တွန့်ရုန်းတက်သော မယ်ညို ပဒုမ္မာသားအင်္ကျီ ခါးစကို လက်နှစ်ဖက်ဖြင့် အောက်ဆွဲချတတ်၏။ မေမေကမူ အန်တီလောက် ကွေးကွေးကုန်းကုန်း မဟုတ်သော်လည်း ပွံ့ပွံ့ကျုံ့ကျုံ့လေး ထိုင်လျက် ခေါင်းကို ငုံ့ထား၏။

ဆရာတော်ဦးဝိမလ တရားဟောလျှင် ကြာတတ်မှန်း မလေးနွယ် ကောင်းကောင်းသိသည်။ ကြာသော်လည်း တရားနာရသူတို့မှာ ငြီးငွေ့လေ့မရှိ။ ဆရာတော်သည် ဘုရားဟောဇာတ်တို့မှ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်၊ သနားဖွယ်၊ အံ့ဩဖွယ်၊ အားကျဖွယ် အကောင်းဆုံးဇာတ်တို့ကိုမှ ရွေးကာ အသံမြင့်၊ အသံနိမ့်၊ အသံသာ၊ အသံဝါ၊ အသံချို၊ အသံရှည် အမျိုးမျိုးနှင့် သာယာနာပျော်ဖွယ် ဟောပြောတတ်သည်။ ဆရာတော်၏ တရား ကို နာကြားနေစဉ်မည်သူကမျှ မိမိကို သတိပြုမိအားမည်မဟုတ်ကြောင်းကို မလေးနွယ်က တွက်ချက်မိပြီးဖြစ်သည်။

ထို့ကြောင့်လည်း ဆရာတော်ဦးဝိမလ တရားစဟောသည် အထိ မလေးနွယ်သည် ခြံတွင်း၌ ကိုယ်ယောင်ပြနေသည်။ တရားအရှိန်ရသည်နှင့် တစ်ပြိုင်နက် မလေးနွယ်သည် တိုက်ကြီးဆီသို့ ပြေးခဲ့၏။ တိုက်တွင်းမှ မိန်းမစီး စက်ဘီးလေးကို ထုတ်ယူခဲ့ပြီး မလေးနွယ်သည် ခြံကြီး၏ ဘေးပေါက်မှ အသာထွက်ကာ ခြံကိုကွေ့ပတ် လျက် ခြံရှေ့ရှိ လမ်းပေါ်သို့ ရောက်လာခဲ့သည်။

လမ်းပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ဘယ်ဘက်တွင် ရွှေဘုံသာရပ်ကွက်၊ ညာဘက်တွင် စိုက်မြက်များဖြင့် စိမ်းနေသော ဘောလုံးကွင်းကြီးနှင့်ဂေါက်သီးကွင်းတို့ကို ထားရစ်ကာ မလေးနွယ်သည် စက်ဘီးလေးကို အပြင်းစီးနှင်တော့၏။ အတန်းစီးမိခဲ့သော် လမ်းကွေ့ရောက်လာရာ မလေးနွယ်သည် စက်ဘီးကို လုံးဝအရှိန်မလျှော့ဘဲ ဝါဒ်ဆွန်ဝေးအတိုင်း ဘေးမဲ့ချောင်းဆီသို့ ဦးတည်နင်းလာခဲ့သည်။ ဤသို့ ခရီးပြင်းနှင်လာခိုက်တွင် စိတ်တွင်း၌လည်း မနေ့က မိမိ ပြုခဲ့သည့်အတွက် ဒေါ်လေးသက်သက် ကျေနပ်အောင် မည်သို့တောင်းပန်းရမည်ကို စဉ်စားလာခဲ့သည်။ အကြော်ဖိုကို လှမ်းမြင်ရသောအခါ၌ မလေးနွယ်ခဲလေသမျှ သဲရေကျ ဖြစ်ရရှာသည်။ အကြောင်းကား အကြော်ဖို၌ မီးခိုးလည်း မလူ၊ လူယောင်လည်းမတွေ့ရ။

မလေးနွယ်သည် မြေသို့ဆင်းကာ စက်ဘီးလေးကို လက်နှင့် တွန်း၍ တမာပင်ကြီးအောက်သို့ လာခဲ့သည်။ စက်ဘီးကို တမာပင်၌ ထောင်ထားပြီး အကြော်ဖိုအတွင်းဝင်လျက် စူးစမ်းကြည့်သည်။

မီးကင်းသော မီးဖိုတွင် မနေ့က ကျန်နေသော ပြာများမှလွဲ၍ အခြားဘာမျှ မရှိ။

မလေးနွယ်၏ မျက်နှာလေးသည် မဲ့မဲ့လေးဖြစ်သွား၏။

ဒေါ်လေးသက်သက်သည် နံနက်ဆိုလျှင် မုန့်ဟင်းခါး ချက်၍ အလုပ်သမားတန်းလျားများနှင့် အလုပ်သမားများရှိရာသို့ လှည့်လည်းရောင်းသည်။ ညနေ၌ အကြော်ကြော်၍ အနီးအနားရှိ လက်ဖက်ရည်ဆိုင်များကို သွင်းသည်။

မိုးရွာရွာ. . . နေပူပူ. . . ညနေခင်းဆိုလျှင် ဒေါ်လေးကို ဤအကြော်ဖိုဝယ် မပျက်တမ်း တွေ့ရမြဲတည်း။

ယခု ဒေါ်လေးသက်သက် ဘယ်ရောက်နေပြီနည်း။ နေမကောင်း၍ လော. . . ဒါမှမဟုတ် မိမိကို မတွေ့ချင်တော့၍ နေရာများ ရွှေ့သွားပြီးလော။ နေရာရွှေ့သွားသည်ပင် ဖြစ်ဖို့များသည်။ ဒေါ်လေးသက်သက်သည် သဘောကောင်းသော်လည်း မာနကြီးသည်။ သက်ခိုင်နည်းတူပင် မာနကြီးသည်။ ယခု မိမိကို မတွေ့ချင် တော့၍ နေရာရွှေ့သွားသည်ပင် ဖြစ်ရမည်။

လိုက်လှဲဝမ်းနည်းစွာဖြင့် မလေးနွယ်သည် အကြော်ဖိုတွင်းမှ ထွက်လာခဲ့သည်။ တမာပင်အောက် ရပ်ရင်း အားလျော့အားငယ်သော မျက်လုံးများနှင့် ဟိုဟိုသည်သည် ကြည့်မိသည်။

ချောင်း၏ တစ်ဖက်ကမ်း၌ ဘေးမဲ့ဘောလုံးကွင်းနှင့် ဘေးမဲ့ဘီအိုစီကျောင်းကို မြင်ရ၏။ ချောင်း၏ သည်ဘက်ကမ်း သူရပ်ကြည့်နေရာမှ ရှေ့တည့်တည့် အတန်လှမ်းရာဆီ၌ ဘေးမဲ့ ဘီအိုစီ အလုပ်သမားတန်းလျားများနှင့် ဘေးမဲ့ရွာကို လှမ်းမြင်ရသည်။ တောင်ကုန်းများထက် မားမားမတ်မတ် ရပ်နေကြသော ရေနံစင်ကြီးများနှင့် တိုင်ကီကြီးများကိုလည်း လက်ယာဘက်အဝေးဆီ၌ တွေ့ရ၏။

ရှုခင်းတစ်ခုလုံးသည် ငြိမ်၍ တိတ်ကာ ဆိတ်သုဉ်းနေ၏။ လူရိပ်သူယောင်းလည်းမမြင်။ လူသံ သူသံလည်း မကြားရ။

မလေးနွယ်သည် စိတ်ညှိုးငယ်စွာနှင့် လှည့်ပြန်တော့မည်ပြုပြီးမှ မလှမ်းမကမ်း၌ တွေ့ရသော အိမ်လေးတစ်လုံးကို သတိပြုမိသည်။ ဒေါ်လေးသက်သက်သည် ညအလုပ်သိမ်း၍ ပြန်သောအခါ အကြော်ဖိုပစ္စည်းများကို ထိုအိမ်လေး၌ အပ်ထားသွားတတ်ကြောင်း ပြောပြဖူးသည်အား အမှတ်ရမိသည်။

ထိုအိမ်လေး၌ သွားစုံစမ်းလျှင်မူ အကြောင်းအကျိုးသိရပေမည်။

မလေးနွယ်သည် အိမ်လေးဆီသို့ ရှေးရှုကာ တစ်လှမ်း၊ နှစ်လှမ်းလျှောက်သွားမိပြီးမှ အိမ်ရှေ့မြေပြင်တွင် ခွေးပေါက်စတစ်သိုက်ကို နို့တိုက်နေသော ခွေးသားအုပ်မကြီးကို မြင်ရသောကြောင့် ရပ်သွား၏။

မလေးနွယ်သည် သက်ပြင်းလေး ရှိုက်ပြီး ခေါင်းကလေး ခါကာ တမာပင်ဆီ ပြန်လှည့်လာ၍ စက်ဘီးလေးကို ထူလိုက်သည်။ ထိုအခိုက်တွင်ပင် သီးချင်းသံလေးက ပေါ်လာ၏။

"ဘုံခုနှစ်ဆင့်က . . . တံခါးဖွင့်လို့ ကြည့်ပြန်သနော်. . . ထိုမိန်းမကို ဤမိန်းမကို ဘုရင် မြင်ပြန်သော. . ."

မလေးနွယ်သည် စက်ဘီးကို တမာပင်၌ ပြန်ထောင်ထားပြီး ဝမ်းသာအားရ လှည့်ကြည့်လိုက်သည်။

ချောင်းကွေ့ ကမ်းပါးထိပ်မှ သက်ခိုင်ပေါ်လာသည်။

သက်ခိုင်သည်မနေ့ညနေတုန်းကကဲ့သို့ပင် သီးချင်းလေး တကြော်ကြော်ဆို၍ လာနေ၏။ မနေ့ ညနေတုန်းကကဲ့သို့ပင် သူ့ကျောထက်၌ တောင်းလေးတစ်တောင်းကို သယ်ပိုးယူလာ၏။ သူ့ခြေလှမ်းများက ယနေ့ ပို၍သွက် နေ၏။

"မောင်ရေ. . . သက်ခိုင်ရေ. . ."

မလေးနွယ်သည် ဝမ်းသာအားရ အော်ခေါ်ရင်း သက်ခိုင်ရှိရာသို့ အပြေးကလေးသွားသည်။ မလေးနွယ် သက်ခိုင် အနီး ရောက်လုလုတွင် ခွေးသားအုပ်မသည် မျက်စိနောက်သည့်အလား ဒေါသတကြီးဟောင်၍ မလေးနွယ်အား လိုက်ဆွဲသည်။

"အမလေး. . . သေပါပြီမောင်. . . လုပ်. . . လုပ်. . . လုပ်ပါဦး"

မလေးနွယ်သည် ငယ်သံပါအောင် အော်ပြီး သက်ခိုင်၏ ခါးကိုဝင်ဖက်သည်။

ခွေးသားအုပ်မလည်း သဲသဲမဲမဲနှင့် မလေးနွယ်ကိုသာ လိုက်ဆွဲနေသောကြောင့် သက်ခိုင်သည် သူ့နောက်ကျော၌ ခါးကိုဖက်လျက် အော်ဟစ်နေသူ မလေးနွယ်အား မကိုက်မိရန် ကိုယ်ကိုလှည့်ပတ်အကာအကွယ်ပေးရင်း ကျောထက်မှ တောင်းနှင့် ခွေးပေါ် ပစ်ပေါက်ချလိုက်သည်။ တောင်းသည် ခွေးနှင့်လွဲသွား၏။

ခွေးသားအုပ်မက အစွယ်ဖွေးဖွေးနှင့် တစ်ချက် လှမ်းဆွဲပြန်သည်။ ဤတစ်ကြိမ်တွင်မူ သက်ခိုင်၏ ညာဘက်လက်ဖျံကို ခဲမိသွား၏။

သက်ခိုင်သည် ပထမသော် နာကျင်စွာ တစ်ချက် အော်လိုက်မိပြီးမှ သတိရကာခွေးသားအုပ်မသည် သက်ခိုင်၏ လက်ကို လွှတ်လိုက်ပြီး နောက်သို့အနည်းအငယ် ဆုပ်သွားသည်။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




**မလေးနွယ်သည် ဝမ်းသာအားရ အော်ခေါ်ရင်း သက်ခိုင် ရှိရာသို့ အပြေးကလေးသွားသည်။ မလေးနွယ် သက်ခိုင်အနီး ရောက်လုလုတွင် ခွေးသားအုပ်မသည် မျက်စိနောက်သည့်အလား ဒေါသတကြီးဟောင်၍မလေးနွယ်အား . . .**



# ရေဘေးသင့်ဒေသရှိ ကျွဲ၊ နွားများအတွက် အစာများလှူဒါန်း

**မတ္တရာ ဩဂုတ် ၁၃**

မတ္တရာမြို့ရှိစေတနာရှင်များနှင့် အဝါရောင်လမ်းလေး ပရဟိတကုသိုလ်ပြု အဖွဲ့တို့က ရေနံချောင်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ခံစားနေရသော ကျေးရွာများမှ ကျွဲ၊ နွားကောင်ရေ ၈၀၀၀အတွက် အစားအစာများ လှူဒါန်း သွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများမှ ကျွဲ၊ နွား၏ အစာအတွက် နှမ်းဖတ်၊ ကောက်ရိုး၊ မြက်အစို၊ ပြောင်းနှင့်ပဲမှော်များကို ၁၂ ဘီးကားကြီးဖြင့် တင် ဆောင်ကာ ဩဂုတ် ၁၁ ရက်ညပိုင်းက ရေနံချောင်းမြို့သို့ ထွက်ခွာခဲ့ပြီး ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့သည် ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက်လည်း ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မော်တော်ကားလမ်းများ ရေကျော်လျက်ရှိ

**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး ဒါးက မြစ်ရေမြင့်တက်လာမှုကြောင့် ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် (၂၁/၅) နှင့်(၂၂/၀) ကြား အရှည်ပေ ၁၅၀ ခန့်၊ ရေအမြင့် ၁၀ လက်မခန့် နစ်မြုပ်လျက်ရှိသော်လည်း မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

အလားတူ ရေကြည်မြို့နယ်တွင် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက အသုတ်ချောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် အသုတ်ကျေးရွာအနီး ပုသိမ်-မုံရွာ ကားလမ်းမိုင်တိုင်အမှတ် (၄၀/၆)နှင့် (၄၀/၇) ကြား အရှည်ပေ ၁၀၀ ခန့်၊ ရေအမြင့် ၁၀ လက်မခန့် နစ်မြုပ်လျက်ရှိသော်လည်း မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေဘေးသင့်များအား စားသောက်ကုန်မျိုးစုံလှူ

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် တိုက်အမှတ် (၉) လှော်ကားလမ်းမကြီး (၁၆)ရပ်ကွက်ရှိ "ဘုမ္မရာဇာဝမ်းမှန်ဆေးတိုက်" မိသားစုမှ ရခိုင်ပြည်နယ်ရေဘေးဒုက္ခသည်များအတွက် သားသမီးများစုပေါင်းလှူဒါန်းထားသည့် စားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ယမ်ယမ်ခေါက်ဆွဲခြောက်များ၊ ဆပ်ပြာမွှေး၊ ဘုမ္မရာဇာဝမ်းမှန်ဆေးများ၊ ယောက်ျားဝတ်ရှပ်အင်္ကျီများ၊ မဝတ်အထည်များ၊ ကလေးဝတ်အထည်များနှင့် အခြားပစ္စည်းများ စုစုပေါင်းကာလတန်ဖိုးကျပ် ခြောက်သိန်းခန့်ကို ဩဂုတ် ၁၁ ရက် ရေဘေးကယ်ဆယ်ရေးစခန်း တာဝန်ခံများထံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး (ခနဖြူ)**

## စဉ့်ကိုင်၌ မိုးစပါးတစ်ဧကအထွက်နှုန်း တိုးရေးအတွက် ကွင်းထဲအရောက်ပညာပေး

**စဉ့်ကိုင် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် တစ်ဧကအထွက်နှုန်းတင်း ၂၀၀ ကျော်ထွက်ရှိနိုင်သည့် အထူးထွက်တိုး စပ်မျိုးစပါးမျိုးများအား ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်အတိုင်း တောင်သူများကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလိုက်နာနိုင်ရေးအတွက် စိုက်ကွင်းထဲအရောက် လက်တွေ့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



စဉ့်ကိုင်မြို့နယ်မှ တောင်သူများအနေဖြင့် ဆည်ရေသောက်ဧရိယာများတွင် သက်တမ်းတိုပြီးအထွက်နှုန်းကောင်းသော စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးသည့်သီးနှံပုံစံမှ တစ်နှစ်လျှင်သုံးသီး စိုက်ပျိုးနိုင်သည့် သီးနှံပုံစံသို့ စိုက်ပျိုးလာနိုင်ခြင်းကြောင့် တစ်ဧက ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်တောင်သူများအား တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးကို ဦးတည်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရာသီဥတုပြောင်းလဲလာမှုအပေါ် မူတည်ပြီး တောင်သူများအနေဖြင့် စိုက်ပျိုးနိုင်သည့် သီးနှံအလိုက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသောမျိုးများနှင့် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သော မျိုးစေ့များ ရွေးချယ်စိုက်ပျိုးတတ်စေရန်၊ ထွက်ရှိလာမည့် သီးနှံထွက်ကုန်များမှာလည်း ဈေးကွက်တွင် ဈေးကောင်းရရှိစေရန်အတွက် အရည်အသွေးကောင်းမွန်ရန် မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်လိုက်နာ ကျင့်သုံးရန်အတွက် စဉ့်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများမှကွင်းဆင်းပညာပေးနေကြောင်းဦးစီးမှူး တစ်ဦးက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

MMA
Software - ၁ သိန်း
Hardware -၁ သိန်း
မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းကျောင်း
အပတ်စဉ်တန်းခွဲသစ်ရှိသည်
* ဖုန်းတစ်လုံးတွင်ပါဝင်သည့် Circuit ပေါ်ရှိအခြေခံ Component များ၊ filter များ၊ Conventerများနှင့် IC များကို ကျွမ်းကျင်စွာကိုင်တွယ်ပြုပြင်တတ်စေရန် သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် သင်ကြားပေးမည်
* Android & iOS firmware restore,upgrade & downgrade,Jail Break & Root, Network Unlock, IMEI ရေးသားခြင်း, softbrick & hardbrickဖြေရှင်းနည်းများကိုအခြေခံမှစတင်၍ ကျွမ်းကျင်သည့် ပညာရှင်များကိုယ်တိုင် စာတွေ့လက်တွေ့ဖြင့် ထိရောက်စွာသင်ကြားပေးသည်၊
* ဆိုင်ဖွင့်လိုသူများ နှင့် အလုပ်ဝင်မည့်သူများအား အစစအရာရာကူညီပံ့ပိုးပေးမည်၊
အမှတ်(၈၁)လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်
(စံပြရုပ်ရှင်ရုံနှင့်မော်တင်တာဝါကြား)
09-263727300, 09-31942513
Promotion 15.7.15 to 15.9.15 10% off

အားမာန်ပညာ့ရိပ်သာ
B.Ed ဝင်ခွင့်/ဖွင့်ပြီ
Exam Guide ထွက်ပြီ
အမှတ် ၉၀ (၅ လွှာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁-၃၇၄၄၇၀၊ ၀၉-၂၅၀၃၁၂၃၇၉



| | | | | |
|---|---|---|---|---|
| ၁။ | ပါရမီလမ်းမ(စိန်ဂေဟာနီး) | 25' × 50' | (မြေ) | 6500L |
| ၂။ | ၅မိုင်၊ကန်လမ်းသွယ် | 40' ×100' | (မြေ) | 14000 L |
| ၃။ | သစ္စာလမ်းမ(ရန်ကင်း) | 30' x 65' | (မြေ) | 8500 L |
| ၄။ | သံလွင်လမ်း | 27' × 60' | (မြေ) | 7000 L |
| ၅။ | ၉မိုင်၊အေဝမ်းလမ်းမ | 36' × 80' | (မြေ) | 8000 L |
| ၆။ | ၉မိုင်၊ပြည်လမ်းမ(ဒုခြဲ) | 78' × 56' | (မြေ) | 13500 L |
| ၇။ | ၉မိုင်၊အေဝမ်းလမ်းသွယ် | 35' × 80' | (မြေ) | 5500 L |
| ၈။ | ပင်လုံလမ်းမ(မ/ဒဂုံ) | 44' × 60' | (မြေ) | 7000 L |
| ၉။ | သုဓမ္မာလမ်းမ(မ/ဥ) | 20' × 60' | (မြေ) | 3600 L |

Kyaw 09-500-6969, 09-550-6969

ချမ်းမြေ့ခရီးစဉ် (၁၀-ဦးပြည့်(၁)ဦးအခမဲ့) ခရီးသွားလိုသူများချိုသာသောဈေးနှုန်းဖြင့်
တောင်ပြုံး၊ ချိုးရေသုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုလိပ်မြွေဘုရား၊ ကျောက်ဆည်၊ လမ်းဘုရားစုံ (28/29-8-15 ၃/၄ရက် ခရီး ၃၅၀၀၀/-)
အဘထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံညောင်ဦး၊ ပုခုက္ကူ (26.9.2015)(၃/၄) ရက်ခရီး (၃၅၀၀၀/)
Ph: 09 250353461, 09 798177845 ကြိုတင်လက်မှတ်ဝယ်နိုင်ပြီ (ကားခင်းလုံးငှားသည်)

ရွှေဥဒေါင်းမင်း 09250512576, 09421122687
+မန္တလေး၊ ဝစ်ကိုင်း၊ မင်းကွန်း၊ ပြင်ဦးလွင်၊ တောင်ပြုန်း (၃ည/၄ရက်)
Hotel Package စားရိတ်ငြိမ်း (မန္တလေး ၁ည၊ ပြင်ဦးလွင် ၂ည)...... 150000
+မန္တလေး မဟာမြတ်မုနိဘုရားကြီးနှင့် တောင်ပြုန်း (သီးသန့်) (၂ည/၃ရက်)
(ထမင်းကျွေး၊ တည်းခိုမပါ။) ...... 35000
ကုမ္ပဏီနှင့် အသင်းအဖွဲ့များအတွက် ကားအျပံုစီစဉ်ပေးသည်။
ကြိုတင်လက်မှတ်ရောင်းပြီ (Aug23) ထွက်မည်

Bachelor of Business Administration (Top-up)
စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့နောက်ဆုံးနှစ်



STI MYANMAR UNIVERSITY
ဟောင်ကောင်အစိုးရတက္ကသိုလ် (သို့မဟုတ်) ဗြိတိန်အစိုးရတက္ကသိုလ်၏ နောက်ဆုံးနှစ်ဘွဲ့ သင်တန်းဖြစ်ပါသည်။
BBA နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သူများ
• STI MU Advanced Diploma in Business Management (သို့) ABE Level (5) (သို့) BTEC HND in Business အောင်မြင်ပြီးသူများ (သို့) ဘွဲ့တစ်ခုခု ရရှိပြီးသူများ
www.stiedu.net
Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152

# မုံရွာခရိုင်အတွင်း ရေလီတာနှစ်သောင်းကျော် ဖြန့်ဝေပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ခံစားလျက်ရှိသောဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာ ၂၄ ရွာသို့ စုစုပေါင်း ရေလီတာ ၂၂၈၀၀ ကျော်အား ဖြန့်ဝေပေးပြီးဖြစ်ကြောင်း မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Meta Water Co.Ltd (Japan) နှင့် Trendy Myanmar Co.Ltd တို့ပူးပေါင်း၍ တစ်ရက်လျှင် ရေလီတာ ၇၂၀၀၀ အထိ သန့်စင်ထုတ်လုပ်ပေးနိုင်သည့် ရွေ့လျားရေသန့်စက်ဖြင့် နေ့စဉ် ရေဘေးသင့် ကျေးရွာများသို့ သောက်သုံးရေများ ယခုကဲ့သို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

# ရေကြီးကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလှုံ့ဆော်

**တွံတေး ဩဂုတ် ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွံတေးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၀ ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင် ညောင်တုန်းမြို့နယ်နှင့် ထိစပ်လျက်ရှိသော ကျေးရွာများသို့ ကွင်းဆင်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက ရေဝင်ရောက်မှုမရှိခင် ကြိုတင်ဆောင်ရွက်ရန် ကိစ္စရပ်များအား ကွင်းဆင်းပညာပေး လှုံ့ဆော်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းခဲ့သည့် ကျေးရွာများမှာ သံကြိုးတိုင်ကျေးရွာ၊ ဘိုးကလေးကျေးရွာ၊ ပန်းလှိုင်ကျေးရွာ၊ ပျဉ်ဟဲကျေးရွာရှိ အခြေခံပညာအလယ်တန်း၊ အလယ်တန်းကျောင်းခွဲများဖြစ်ပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းပညာ ပေးဆွေးနွေးခဲ့သည်။

အဆိုပါ ကျေးရွာများသည်မအူပင်မြို့နယ်ပိုင် လက်ျာယာ၊ ဖွဲကပစ်၊ ကုက္ကိုစု၊ ထနီး၊ လှိုင်းတာ၊ မလက်တို၊ ကျေးရွာများနှင့် ရေမြေခြင်း ဆက်စပ်နေသည့်အတွက် ကြိုတင်အသိပညာပေးလုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# ပခုက္ကူမြို့နယ်ရှိ ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းလှူဒါန်း



**ပခုက္ကူ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သို့ နေပြည်တော်နှင့် ရန်ကုန်တို့မှ ပရဟိတလူငယ်များ ပူးပေါင်းဖွဲ့စည်းထားသည့် စစ်မှန်သောသူငယ်ချင်းစစ်စစ် (Real Friend Group) အဖွဲ့တို့မှ ပခုက္ကူ ငွေသောင်၊ ချမ်းသာကြီး၊ အောင်မြေ၊ ပေါက်တောကျေးရွာများရှိ ရေဘေးသင့်ပြည်သူများနှင့် မြို့ပေါ်ရပ်ကွက်ရှိပြည်သူ ၂၀၀ အား ဩဂုတ် ၁၁ ရက်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြုများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ ကျပ်သိန်း ၁၅၀ ခန့်တန်ဖိုးရှိ ဆန်အိတ် ၁၅၀၊ ရေသန့်ကတ် ၁၀၀၀၊ ငါးခြောက် အချိန် ၅၀၀၊ ငါးပိကြော်အချိန် ၃၀၊ ဆီ ၂၅ ကျပ်သားဘူးခြောက်လုံးတွဲကတ် ၄၅၀၊ အဝတ်အထည်၊ ဆေးဝါး၊ မုန့်မျိုးစုံနှင့် ဆပ်ပြာမှုန့်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါဒေသမှ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းအား ရေသန့်စက်တစ်လုံးစီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

စိုးလင်းနိုင် (IPRD)

# ရေဘေးသင့်များ၏နိုင်ငံသားကတ်ပြားများ ဆောင်ရွက်ပေး

**ညောင်ဦး ဩဂုတ် ၁၃**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ကျေးရွာများဖြစ်သည့် လက်ထုတ်ကျွန်း၊ ဗုဒ္ဓကုန်းကျွန်း၊ အုန်ခြောင်းကျွန်း၊ သူကောင်းတည်ကျွန်းနှင့် ဆယ်လံကျွန်းကျေးရွာများမှ ဒေသခံပြည်သူများအား ရေဘေးသင့်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသူများကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဦးထိန်လင်း(လက်ထောက်ညွှန်ကြားရေးမှူး) က အနီးကပ်ကြီးကြပ်ပြီး မြို့နယ်ဦးစီးမှူး၊ ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ဩဂုတ် ၁၂ ရက်က အထူးစီမံချက်အနေဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ရရှိရေး အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


ထိုသို့ ညောင်ဦးမြို့နယ်အတွင်း ရေဘေးသင့်၍ ပျောက်ဆုံး၊ ပျက်စီးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အထူးစီမံချက်အနေဖြင့် အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ခရိုင် (လ-ဝ-က)ဦးစီးမှူး၊ ဦးထိန်လင်း (လက်ထောက်ညွှန်ကြားရေးမှူး)၊ မြို့နယ်ဦးစီးမှူး၊ ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ရေဘေးသင့်ကျေးရွာများအား ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိသည့်နေရာများသို့ သွားရောက်ပြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းကာ အိမ်ထောင်စု ၂၅ စုနှင့် လူဦးရေ ၄၅ ဦးတို့အား နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ **ရဲဝင်းနိုင်** (IPRD)












ဒေါ်နန္ဒာဝင်းဦးစီးသော
Amazing Land Travels & Tours Co.,Ltd.
မုန္တဂယာဘုရားဖူးခရီးစဉ်

ထံစောနီထ(၅)ဆွာန – (၅)ညအိပ်၊ (၈)ရက်
ထံစောနီထ(၅)ဆွာန – (၁၁)ညအိပ်၊ (၁၂)ရက်

## ခေတ္တရာအသင်း(ရန်ကုန်)

ပြည်မြို့ ရေဘေးသင့်မိသားစုများ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးကူညီထောက်ပံ့နိုင်ရန် အသင်းသူ/အသင်းသားများနှင့် ရန်ကုန်ရောက် ပြည်မြို့ နယ်သူနယ်သားများမှ အလှူငွေ ထည့်ဝင်ကြပါရန်ဖိတ်ခေါ်အပ်ပါသည်။ ၁၅-၈-၂၀၁၅ရက်(စနေနေ့) နှင့် ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း၊ ခေတ္တရာအသင်းဓမ္မာရုံ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အလယ်ပစ္စယံ ဓာတ်လှေကားအနီး ဓမ္မာရုံတွင်လာရောက်လှူဒါန်းနိုင်ပါသည်။ အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၄၃၁၉၂၂၆၃၊ ၀၉-၄၅၀၀၆၃၆၃၇၊ ၀၉-၇၃၂၄၁၆၉၁၊ ၀၉-၅၀၀၄၂၃၁၊ ၀၉-၅၀၇၁၀၂၇

အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့

## အမည်ပြောင်း

တောင်ဒဂုံမြို့နယ်၊ အထက(၆)၊ အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း(A)မှ အဖ ဦးအပုလေး[၁၄/ငပတ(နိုင်)၀၇၉၆၅၇] ၏သမီး မတင်နွေးခိုင်အား မရွှန်းလဲ့ပိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ မရွှန်းလဲ့ပိုင်ဦး

## ယာဉ်မောင်းအမြန်အလိုရှိသည် (ဂရိုင်)

- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- ဆက်သွယ်ရန်-
ဖုန်းနံပါတ်- ၀၉-၄၂၀၃၁၅၆၆၄၊ ၀၉-၂၆၄၂၃၂၇၆၃)

## မဟာလုမ္ဗိနီ သက်နီးတိုက်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအမြန်အလိုရှိသည်

၁။ သက်နီးမော်တာစက်ချုပ်ကျွမ်းကျင် ကျား/မ(၂၀)ဦး

၂။ သက်နီးအရည်အသွေးစစ်(QC) ကျား/မ(၅)ဦး

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၅၀၇) E၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၁၄၁၃၇၊ ၀၁-၅၂၅၂၆၉။ ၀၉-၃၀၂၄၂၄၅၈၊ ၀၉-၅၀၈၆၂၂၂။

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

နေပြည်တော်နေ ဦးမော်မော် (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်ဝင်းမာတို့၏ သားကြီးဖြစ်သူ ကျွန်တော် ဗိုလ်ကြီးလှိုင်ဝင်းမော်[၁၃/လရန(နိုင်)၁၂၉၀၄၅] ရွှေညောင်မြို့နှင့် ရွှေညောင်မြို့နေ(ဦးစိန်ကျော်ဝင်း)-ဒေါ်ရီရီဝင်းတို့၏သမီးဖြစ်သူ ကျွန်မ မမျိုးသီတာကျော်[၁၃/တကန(နိုင်)၂၀၆၀၈၈]အလုပ်ရုံစိတ်မှူး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) တို့သည် နှစ်ဖက်သော မိဘတို့၏ သဘောတူညီ ခွင့်ပြုချက်အရ ၂၂-၆-၂၀၁၅ရက်က ညောင်ရွှေမြို့နယ်တရားရုံး မြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်မင်္ဂလာကတိသစ္စာပြုလွှာဖြင့် လက်ထပ်ထိမ်းမြားပြီးစီးကြောင်း အသိပေးအပ်ပါသည်။

ဗိုလ်ကြီးလှိုင်ဝင်းမော်-မမျိုးသီတာကျော်

## ချက်ပြုတ်ကျွမ်းကျင်အလိုရှိသည်။

လှိုင်သာယာ/တောင်ဥက္ကလာ(ဦးစားပေးရန်)

☎01-8500355 တောင်ဥက္ကလာမြင်သာဈေးအနီး

FUJI xerox
Authorised Distributor

## Fuji Xerox (Thanlyin) Service Centre ဖွင့်လှစ်ခြင်း

CONCORDIA INTERNATIONAL

သီလဝါစက်မှုဇုန်ရှိ Fuji Xerox Product အသုံးပြုသော Customer များနှင့် သန်လျင်မြို့ရှိ Fuji Xerox Product အသုံးပြုနေသော Customer များအတွက် Fuji Xerox Service Centre အား(၁၅.၈.၂၀၁၅) မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

Thanlyin Address : အမှတ်(၃၂)၊ကျောက်ရေတွင်းမြို့ပြကွက်သစ်၊ဘုရားကုန်း၊သန်လျင်မြို့နယ်။ ၀၉ - ၈၅၀ ၁၁၁၆ ၊ ၀၉ - ၉၇၅ ၇၇၈ ၁၀၆

Yangon Address :New Buliding(II), Phase(III),Hlaing University Campus, Hlaing Tsp,Yangon, Maynmar.Hot line ;09 730 092 21,01 654 952










**ရန်ကုန်**
အမှတ် F. 2~8 ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဗ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841

**မန္တလေး**
အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား )
မန္တလေး ။
ဖုန်း - 09 3311 6626 , 09 3322 6636

**နေပြည်တော်**
အမှတ် (1237)၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပ ရပ်ကွက်၊ ပုဗ္ဗသီရိ၊
နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

**မော်လမြိုင်**
အမှတ် (33)၊ ဖြို့ ရှောင် လမ်းမကြီး ၊ မြေနီကုန်းရပ်ကွက်၊
မြေနီကုန်း အဝေးပြေး ကားဝင်းအနီး ၊ မော်လမြိုင်မြို့ ။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81

ကြော်ငြာ


## ရွှေပြည်ဟိန်း ကာဆိုလိုဖြစ်ဆေး၏ ဩဂုတ်လ၊ ၁၅-၁၆၊ (၅၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇူလိုင်လ (၁၉)ရက် (၄၉) ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၃၀၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဩဂုတ်လ (၁၅၊ ၁၆)ရက်တွင် ၅၀-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ (ILBC ၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဝိုင်ကမ္ဘာ့ဘဏ် - အရှင်စေမဒသိန်လင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



## တိုးတက်ရေးအသင်းအဖွဲ့

၁။ အစမဲ့ အင်္ဂလိပ်ဘာသာအရေးအပြောသင်ပေးမည်။
၂။ အစမဲ့ ကွန်ပျူတာသင်တန်းတက်ရောက်မည်။
၃။ အစမဲ့ ဥပဒေမြင့်အဆင့်ရောက်မည်။
၄။ အစမဲ့ ...

(၁၄ ရက်ကို ၅၀၀၀ကျပ်ပေးသွင်း၍ဖြင့်အားလုံးခံစားခွင့်ရမည်။)

... ဆိုးယုံယုံကြည်ကြည်အသင်းကြေးပေးသွင်းသူများကို ကျေးဇူးဆပ်မည်ဖြစ်သဖြင့်လူတိုင်း ပါဝင်နိုင်ရန်ဖိတ်ခေါ်လိုက်ပါသည်။ ...



## မင်္ဂလာဆုတောင်း

၁၉-၇-၂၀၁၅ရက်တွင် ပြီးမြောက်ခဲ့သော မောင်မျိုးဇော်အောင်-မချယ်ရီတင်မြင့်တို့၏ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အနော်မာညီအစ်ကိုများ (ကိုရီးယား)



## ချမ်းမိုင်သစ္စာ

562829,09-73198239
569782,09-450006779



wp0; wn;jzp alumi;

နမ္မတီးမြို့၊ အထက(၁)ဒသမတန်း($C_1$)မှ မောင်ဖြိုး ညီညီကျော်၏ဖခင် ဦးအေးချမ်း(ခ)ဦးအောင်ကျော်မိုးသည် တစ်ဦးတည်းဖြစ်ပါသည်။



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ပေါ်ရပ်ကွက်၊ ပဲခူး - ရန်ကုန်လမ်းမကြီးအနီး၊ ဂုတ်ကွက်၊ (G)ဥယျာဉ်မြေကျူပြီးလမ်းဆုံကားဂိတ်အနီး၊ ကျောင်း၊ ဆေးရုံ၊ ဈေးနီး၍ကား(ဝင်/ထွက်)ကောင်း၊ ရေပါ/မီးရှိ

(40' × 60')၊၊ ၈၀ သိန်း၊ ၁၆၀ သိန်း၊ ၂၀၀ သိန်း

Ph-09 448012251, 09 252278945, 09 421161198



## Mingalar Cinemas

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော်

မင်္ဂလာစံပြ | Top Royal | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | မင်္ဂလာထွန်းသီရိ(ပြည်)

### အောင်ဘာလေ

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ Top Royal
မန္တလေး - ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

### ANT-MAN(3D)

ရန်ကုန် - နေပြည်တော်(၁) မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

### MISSION IMPOSSIBLE Rouge Nation M.I - 5

ရန်ကုန် - ရွှေဆောင် (၁) မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာဒိုင်းမွန်း
မြို့မ (နံနက်၁၀:၀၀နာရီ)
ပြည် - မင်္ဂလာထွန်းသီရိ

### ASSASSINATION

ရန်ကုန် - နေပြည်တော်(၁)
မန္တလေး - မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

### MINIONS(3D)

ရန်ကုန် နေပြည်တော်(၂) ၊ (၃)
မန္တလေး မင်္ဂလာဒိုင်းမွန်း

### UNFRIENDED

ရန်ကုန် ရွှေဆောင်(၂)

၁၄ . ၈ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတ်မှတ်ပြ - ၁၀:၀၀ နာရီ ၁၂:၃၀ နာရီ ၃:၃၀ နာရီ ၆:၃၀ နာရီ ၉:၃၀ နာရီ


















## အိမ်အတွက် လိုအပ်တာတွေ ဘယ်မှာရှာရမလဲ . . .




ဘာပဲလိုလို
Everything U Need
WEB | MOBILE | PRINT

YANGON SALES DIRECT LINE 01-250 700 www.yangondirectory.com
MANDALAY SALES DIRECT LINE 02-4000611 www.mandalaydirectory.com

The YANGON DIRECTORY | The MANDALAY DIRECTORY

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး
## သွားဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများကို သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ သွားဘက်ဆိုင်ရာ ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**(၁) ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc (General Dental Practice) | ၁ နှစ် |

**(၂) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားရောဂါကုပညာ) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားတုဆေးပညာ) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားဖုံးရောဂါကုပညာ) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(ကလေးသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားညှိကုပညာ) | ၂ နှစ် |

**(၃) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ) | ၃ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) | ၃ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဒီပလိုမာသင်တန်း**

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိပြီးသူ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။

(၂) လက်ရှိတရားဝင် သွားဘက်ဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ) သက်တမ်း(၂)နှစ်ပြည့်ပြီး(သခ) သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။

(၃)သက်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။

**(ခ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ် ပြည့်ပြီးသူ အမြဲတမ်း ဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့် ရက်တွင် အသက် (၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံးလုပ်သက် (၂)နှစ် ပြည့်ပြီးသူ အမြဲတမ်း ဝန်ထမ်းဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက်**

လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ) (သို့မဟုတ်)အရာထမ်း အခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း(အကြိုဇေယျ)(သို့မဟုတ်)အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) ဖြစ်ပါသည်။

၄။ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးသို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ကြိုတင်မိတ္တူတစ်စောင်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး ပါမောက္ခချုပ်ထံ မပျက်မကွက် ပေးပို့ရမည်။

၅။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-

(က)ပါရဂူဘွဲ့သင်တန်း - ၂၂-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)

(ခ) ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်း - ၂၃-၁၀-၂၀၁၅ရက်(သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀ိ/-(တစ်ထောင်ကျပ်တိတိ)ကို လည်းကောင်း၊ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀၀ိ/-(တစ်သောင်းကျပ်တိတိ)ကို လည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်- MD-288 (MD-012887)သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ ။မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် (၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး ငွေစာရင်းအမှတ် MD- 288(MD-012887) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၂-၈၁၂၄၀၊ ၀၂-၈၁၂၄၁ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး**






myanmar national airlines



## Yangon-Singapore-Yangon

**Book Now!**

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*


SAMSUNG
5.7"
SAMSUNG Galaxy A8
Awaken Your Senses
with Stylish Mobility
#A8 #SoKyAn
စတင်ရောင်းချခြင်း
အထူးအစီအစဉ်
5100mAh
ADATA Power Bank
ooredoo
Ooredoo SIM
1GB data
100MB
Bonus
www.facebook.com/samsungmobilemyanmar
Samsung Brand Shops
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM


SUZUKI
Way of Life!
Just
Arrived!
The Brand New
ERTIGA
နီးစပ်ရာအရောင်းကိုယ်စားလှယ်များထံတွင်
ကားစမ်းသပ်မောင်းနှင်ရန် စာရင်းပေးသွင်းကြပါစို့
PRICE
17,900 US$++
အရောင်းကိုယ်စားလှယ်များ
လွင်နှင့်စွမ်း မော်တော်
အောင် မော်တော်
မျိုး မော်တော်
ရဲနဒီ မော်တော်
အေအိုင်ဂျီ မော်တာ

Hot Line No-0930500100

# ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအနက် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် MP-96, MP-60, MP-61 တာဝါတိုင်သုံးတိုင်သည် ဇူလိုင် ၃၀ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သဖြင့် အဆိုပါဓာတ်အားလိုင်းမှ ဓာတ်အားပေးထားသော စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့များတွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားအမြန်ဆုံး ပြန်လည်ရရှိနိုင်ရေးအတွက် အဆိုပါတာဝါတိုင်သုံးတိုင်အား စတင်ပြိုလဲသည့်နေ့မှစ၍ တာဝါတိုင်အဟောင်းများ ဖြုတ်သိမ်းခြင်း၊ တာဝါတိုင်အသစ်များအား မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် အမြန်ဆုံးပို့ဆောင်ခြင်း၊ အစားထိုးစိုက်ထူခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား ၂၂၀ ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများပြီးစီး၍ စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့များသို့ ညနေ ၄ နာရီ ၄၈ မိနစ်တွင် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၆၆ ကေဗွီ မြောက်ဦး ဓာတ်အားခွဲရုံကိုလည်း ပြန်လည်ပြုပြင်ပြီးသဖြင့် ညနေ ၅ နာရီ ၆ မိနစ်တွင် လျှပ်စစ်ဓာတ်အား ပုံမှန်ပို့လွှတ် ဖြန့်ဖြူးပြီးဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (MP-96)တာဝါတိုင်အသစ် ပြန်လည်စိုက်ထူခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေသည်ကို တွေ့ရစဉ်။

## ယနေ့ မာတိကာ

ကောင်းမွန်သည့် အနာဂတ်

စာမျက်နှာ - ၂

အမြန်လမ်းပေါ်မှ ယာဉ်မောင်းများနှင့် ခရီးသွားတို့၏ အသံများ

စာမျက်နှာ - ၆

ရေဘေးသင့်ဒေသများ အတွက် ဆန်အရောင်း ဆိုင် ၁၉ ဆိုင် ဖွင့်လှစ်သွားမည်

စာမျက်နှာ - ၁၁

## ဝေါ်ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေါ်ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၂ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ရောဝတီအသင်း ပထမအကျော့တွင် နှစ်ဂိုးပြတ်အနိုင်ရ



ရောဝတီအတွက် ပထမဂိုးကို လာဇာသွင်းယူနေစဉ်။

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်(၂) ပထမအကျော့ပွဲစဉ်ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရောဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရောဝတီ - နှစ်ဂိုး။<br>
ရခိုင် - ဂိုးမရှိ။

အိမ်ကွင်းအဖြစ် သုဝဏ္ဏကွင်း၌ လက်ခံကစားရသည့် ပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် ရောဝတီအသင်းမှာ ဗိုလ်လုပွဲသို့ တက်ရောက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ ရခိုင်အသင်းမှာ

**စာမျက်နှာ ၄ ကော်လံ ၅ သို့**

themirror.npt@gmail.com
www.facebook.com/themirrordaily





